International
Labour
Organization

# ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများအတွက် အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ ဘဝတွက်တာကျွမ်းကျင်မှု အထောက်အကူပြု အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်

## အခန်းကြီး – ၄။ မိသားစုတွင်းရှိ အလုပ်အကိုင်နှင့် အရင်းအမြစ်များ

ယနေ့ခေတ် လူအများစုဟာ အလုပ်နဲ့ အိမ်မှုကိစ္စတွေကြားမှာ ရုန်းကန်နေကြရပါတယ်။ အမျိုးသမီးအများစုဟာ ပိုမိုရုန်းကန်ရပြီး အထူးသဖြင့် အလုပ်လုပ်နေတဲ့ အမျိုးသမီးတွေဟာ ဒီထက်ပိုပြီး အများကြီးရုန်းကန်ကြရပါတယ်။ အမျိုးသမီးတွေအပေါ် ထပ်တိုးအလုပ်တာဝန်တွေဟာ တစ်ခါတစ်ရံ မိသားစုပျော်ရွှင်မှုကို ထိခိုက်စေပါတယ်။ တချို့သောအခြေအနေတွေမှာ ကလေးငယ်တွေကို ငွေကြေးအတွက် ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်ရတဲ့ အတွက် ကလေးဘဝကို ဆုံးရှုံးစေပါတယ်။

ဒီသင်ခန်းစာကနေတဆင့် မိသားစုတာဝန်တွေကို ဘယ်လိုခွဲယူမလဲ၊ ကလေးတွေကို ပညာရေးကတဆင့် တိုးတက်လာစေဖို့နဲ့ ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်ရမယ့်အစား လွတ်လွတ်လပ်လပ်ဆော့ကစားနိုင်ဖို့ စတာတွေကို ပိုမိုနားလည်သိရှိဖို့ ကူညီပေးပါလိမ့်မယ်။

ပျော်ရွှင်ဖွယ် သင်ယူမှုလေးဖြစ်ပါစေ။



© အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့် ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းများ) ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု–** အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများအတွက် အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ ဘဝတွက်တာကျွမ်းကျင်မှုအထောက်အကူပြု အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်**၊ ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို **ILO** မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ **ILO** ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် **ILO** တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံးအဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220399279 (print); 9789220399286 (web PDF)
**Also available in Myanmar:** *E-learning programme on rights, responsibilities and representation for children, youth and families (3Rs)*
ISBN: 9789220399255 (print); 978922039962 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – အဖေ၊အမေနှင့်ကလေးသုံးယောက်။ © Shutterstock
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

## ကျေးဇူးတင်လွှာ

3Rs အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်ကို အိုင်အယ်လ်အိုမှ အကြံပေး ပုဂ္ဂိုလ် Busakorn Suriyasarn နှင့် ရဲရင့် တို့မှ အသေးစိတ် ပြင်ဆင်ထားပါသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ စောဆာကပေါ၊ နော်မူးမူးဆိုး၊ ခွန်ဆာမွန်းထွယ်၊ လဲ့ကေခိုင် နှင့် ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယ ဆက်သွယ်ညှိနှိုင်းရေးအရာရှိ)  တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏ စီမံချက်ဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမား လျှော့ချရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံး ကလေးအလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)’’ (RAS/19/07/JPN) ရန်ပုံငွေ ပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်’’ (ARC)’’ (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံအစိုးရ၊ Foreign Commonwealth and Development Office (FCDO) တို့မှ ပူးပေါင်းထောက်ပံ့ထားပါသည်။ ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) ကပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အမှတ် IL–25263–14–75–K အရ “မြန်မာနိုင်ငံကလေး အလုပ်သမား ပပျောက်ရေး အစီအစဥ် (My–PEC)’’ (MMR/13/10/USA) တို့မှ ပူးပေါင်းထောက်ပံ့ထားပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျစာရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန် ဒေါ်လာ ၉,၁၅၀,၀၀၀ ရှိပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့် ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်း မဟုတ်ပါ။

# အကြောင်းအရာများ

**သင်ခန်းစာ ၁**

စုပေါင်းညီညာ၊ အောင်ကြောင်းဖြာ ........................................................ ၁

**သင်ခန်းစာ ၂**

သင်ခန်းစာ ရည်ရွယ်ချက်များ .................................................................. ၃

**သင်ခန်းစာ ၃**

မျှဝေခြင်းသည် ဂရုစိုက်ခြင်း ..................................................................... ၄

**သင်ခန်းစာ ၄**

ကလေးများကို ကယ်တင်ခြင်း ................................................................ ၁၅

**သင်ခန်းစာ ၅**

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း ......................................................... ၂၄

**သင်ခန်းစာ ၆**

အနှစ်ချုပ် ........................................................................................... ၂၇

**နောက်ဆက်တွဲ အဖြေများ** ...................................................... ၂၉

သင်ခန်းစာ ၁/၆

# စုပေါင်းညီညာ၊ အောင်ကြောင်းဖြာ

## သိပ္ပံပြပွဲအတွက် စီစဉ်ခြင်း။

သိပ္ပံပြပွဲအတွက် မိုဟာမက်၊ နိုးနိုး နဲ့ ဖိုးဝ တို့ ဘယ်လိုစီစဉ်နေကြသလဲဆိုတာကို လေ့လာဖတ်ရှုပါ။






**မိုဟာမက် နဲ့ ဖိုးဝတို့က နီးနီးကို ကူညီပေးနိုင်တဲ့ နည်းလမ်းတွေကို သင့်အနေနဲ့ ဝိုင်း စဉ်းစားပေးနိုင်မလား။**

သင်ခန်းစာ ၂/၆

## သင်ခန်းစာရည်ရွယ်ချက်များ



ယခု သင်ခန်းစာက သင့်ကို အောက်ဖော်ပြပါအချက်များကို နားလည်စေပါလိမ့်မယ်။

- မိသားစုအတွင်း အလုပ်၊ အရင်းအမြစ်များနဲ့ တာဝန်ဝတ္တရားများ မျှဝေနည်းကို ခွဲခြားသတ်မှတ်နိုင်ရန်။
- ကလေးများအတွက်လက်သင့်ခံနိုင်သောအလုပ်အမျိုးအစားများနဲ့လက်သင့်မခံနိုင်သောအလုပ်အမျိုးအစား များကို ခွဲခြားသတ်မှတ်နိုင်ရန်။

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။**

သင်ခန်းစာ ၃/၆

# ▶ မျှဝေခြင်းသည် ဂရုစိုက်ခြင်း။

မိသားစုအတွင်း အိမ်မှုကိစ္စခွဲဝေဆောင်ရွက်မှု



မြစ်ထဲတွင် အဝတ်လျှော်နေကြသော မိသားစု၊ မြန်မာ။ © Marcel Crozet/အိုင်အယ်လ်အို

ခဏလောက်အချိန်ယူပြီး သင့်မိသားစုမှာ ဘယ်သူတွေက ဘာလုပ်လဲဆိုတာကို စဉ်းစားပါ။

- ▶ သင့်မိသားစုဝင်ငွေအတွက် ဘယ်သူကအလုပ်လုပ်ပါသလဲ။
- ▶ အိမ်မှုကိစ္စအများစုကို ဘယ်သူလုပ်ပါသလဲ။
- ▶ သင့်မိသားစုမှာ တစ်ယောက်ယောက် နေမကောင်းဖြစ်နေပါကဘယ်သူက ပြုစုပေးပါသလဲ။
- ▶ မိသားစုမှာ သင့်ရဲ့အခန်းကဏ္ဍက ဘာလဲ။



တိုင်ကပ်နာရီ။ © Shutterstock

**သင့်အနေနဲ့ နေ့စဉ်အချိန်တွေကို ဘယ်လို သုံးစွဲသလဲဆိုတာ ပြန်လည်သုံးသပ်ပါ။**

**အိပ်ရာထချိန်မှ အိပ်ရာဝင်ချိန်အထိ ပုံမှန်နေ့တွေမှာ လုပ်လေ့ရှိတဲ့ မတူညီတဲ့ လုပ်ဆောင်မှုအားလုံးကို စဉ်းစားပါ။**

သင့်တစ်နေ့တာကို ဆန်းစစ်ကြည့်ပြီးတဲ့နောက် အောက်ပါမေးခွန်းများကို ပြန်လည်သုံးသပ်ပါ။

- သင့်တစ်နေ့တာလုပ်ဆောင်ချက်တွေမှာ စိန်ခေါ်မှုတွေကဘာတွေလဲ။
- သင့်တစ်နေ့တာဟာ အခြားသောမိသားစုဝင်တွေနဲ့ တူညီတယ်လို့ သင်ထင်ပါသလား။
- သင့်မိသားစုဝင်တွေကြား အိမ်မှုတာဝန်တွေကို မျှမျှတတခွဲထားပါသလား။
- သင့်မိသားစုတွင်း အမျိုးသမီး နဲ့ မိန်းကလေး၊ အမျိုးသား နဲ့ ယောက်ျားလေး အကြား အလုပ်ခွဲဝေမှု ဘယ်လိုရှိပါသလဲ။
- မိသားစုဝင်အားလုံးမှာ သူတို့ရဲ့ စိတ်ကြိုက်လှုပ်ရှားမှုများကို လုပ်ဆောင်နိုင်ဖို့ တူညီတဲ့အခွင့်အရေးနဲ့ အချိန်ရှိပါသလား။

ဖြစ်နိုင်တာကတော့ သင့်တစ်နေ့တာဟာ အခြားသောမိသားစုဝင်တွေနဲ့ ကွဲပြားနေပါလိမ့်မယ်။ မိရိုးဖလာသတ်မှတ်လေ့ရှိတဲ့ ကျားမရေးရာ အခန်းကဏ္ဍတွေ အပေါ်အခြေခံပြီး မိသားစုအလုပ်တာဝန်တွေ ကွဲပြားမှုရှိနိုင်ပါတယ်။



ဟင်းချက်နေသော အမျိုးသမီး၊ မြန်မာ။ © Marcel Crozet/အိုင်အယ်လ်အို



ဓားသွေးနေသော အမျိုးသား၊ မြန်မာ။ © Marcel Crozet/အိုင်အယ်လ်အို

**ယောက်ျား နဲ့ မိန်းမကြား အိမ်မှုကိစ္စခွဲဝေခြင်းကို ယုတ္တိရှိတယ်လို့ သင်ထင်ပါသလား၊ ဘယ်သူက ဘာလုပ်ရမယ်ဆိုတာကို ဘယ်သူက ဆုံးဖြတ်ပါသလဲ။**



ဟင်းချက်နေသော အမျိုးသမီး၊ မြန်မာ။ © Marcel Crozet/အိုင်အယ်လ်အို

အဲဒါကို သင်စဉ်းစားကြည့်တဲ့အခါ မိသားစုအများစုတွင် အိမ်မှုကိစ္စခွဲဝေခြင်းဟာ ယုတ္တိမရှိပါဘူး။ အိမ်မှုကိစ္စတွေကို မည်သူမဆို လုပ်ဆောင်နိုင်ပေမယ့် ရှေးယခင်က မိသားစုကို ထောက်ပံ့ဖို့အတွက် အမျိုးသားများက အိမ်ပြင်ထွက် အလုပ်လုပ်တဲ့အတွက်ကြောင့် အိမ်မှုကိစ္စတွေကို အမျိုးသမီးတွေနဲ့ မိန်းကလေးတွေကို မကြာခဏ တာဝန်ပေးလေ့ရှိပါတယ်။ ထုံးတမ်းစဉ်လာ၊ လိုအပ်ချက်တွေနဲ့ လူမှုအသိုင်းအဝိုင်းရဲ့ ခံယူချက် စတာတွေက ဒီလိုမျိုး အလုပ်တာဝန်ခွဲဝေမှုနဲ့ သက်ဆိုင်နေပါတယ်။

ယောက်ျားလေးတွေဟာအိမ်မှုကိစ္စဆိုတာ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေ အတွက်သာ ဖြစ်တယ်လို့ ပြုစုပျိုးထောင်ခံရကြပြီးကြီးပြင်းလာတတ်ကြပါတယ်။ ယောက်ျားလေးတွေလို ကျောင်းတက်နေတဲ့ မိန်းကလေးတွေရှိသလို အမျိုးသားတွေလို အိမ်ပြင်ထွက်စီးပွားရှာနေကြတဲ့ အမျိုးသမီးတွေရှိလာတဲ့ အခုခေတ်လို အချိန်မှာတောင် သူတို့တွေကို အိမ်မှုကိစ္စနဲ့ အိမ်မှာပြုစုစောင့်ရှောက်ရတဲ့အလုပ်တွေကို လုပ်ရမယ် ဆိုပြီး သတ်မှတ်ထားလေ့ ရှိပါတယ်။

ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသမီးတွေနဲ့ မိန်းကလေးတွေဟာ အမျိုးသားတွေနဲ့ ယောကျာ်းလေးတွေထက် အိမ်မှုကိစ္စတွေအပေါ် အချိန်ပိုမိုကုန်ဆုံးကြရလေ့ရှိပြီး ၎င်းတို့အတွက် ဖွံ့ဖြိုးမှုနဲ့ အပန်းဖြေမှုအတွက် အချိန်နည်းပါးသွားစေပါတယ်။

## မိသားစုအတွင်း အိမ်မှုကိစ္စတွေ ခွဲဝေဆောင်ရွက်ရာမှာ မျှတမှု မရှိတဲ့အပေါ် သင့်အနေနဲ့ ဘယ်လို ဖြေရှင်းနိုင်ပါသလဲ။



လက်ဆွဲကာ လမ်းလျှောက်နေကြသော မိသားစု၊ မြန်မာ။ © Shutterstock

အဖြေက ရိုးရှင်းပါတယ်။ အပြောင်းအလဲလုပ်ပါ။
မိသားစုဝင်တိုင်းဟာ အလုပ်တာဝန်နဲ့ အိမ်မှုတာဝန်တွေကို မျှမျှတတ ခွဲဝေဆောင်ရွက်နေကြောင်း သေချာစေဖို့အတွက် ဘယ်အရာတွေက ပြောင်းလဲနိုင်ကြောင်းကို စဉ်းစားပါ။
အလုပ်တာဝန်ဟာ ကျားမကွဲပြားမှုအပေါ် အခြေမခံသင့်ပါဘူး။
အိမ်မှုကိစ္စအားလုံးကို လူတိုင်းလုပ်နိုင်တယ်ဆိုတဲ့ စိတ်ကူးနဲ့ မိသားစုဝင် ယောက်ျားလေးတွေကို ပျိုးထောင်ပါ။

မိသားစုတွင်း အလုပ်ခွဲဝေမှု ပုံစံပြောင်းရတာ ခက်ခဲပါတယ်။ ပုံသွင်းထားမှုတွေကို ချိုးဖျက်ဖို့ မလွယ်ကူပေမယ့်လည်း အကောင်အထည်ဖော်ဖို့ ဖြစ်နိုင်ချေရှိပါတယ်။ ပျော်ရွှင်သောမိသားစုအတွက် အပြောင်းအလဲဟာ မဖြစ်မနေလိုအပ်ပါတယ်။

## မိသားစုအတွင်း အရင်းအမြစ်များနဲ့ အကျိုးကျေးဇူးများ ဖြန့်ဝေခြင်း

မိသားစုတိုင်းဟာ မိသားစုဝင်များအတွက် ပံ့ပိုးကူညီရန် ကြိုးစားကြပါတယ်။ ဖခင်နဲ့မိခင်ဟာ သားသမီးတွေအတွက် စားနပ်ရိက္ခာ၊ ခိုလှုံရာ၊ ပညာရေးနဲ့ ဘဝအခွင့်အလမ်းကောင်းများ ပံ့ပိုးပေးဖို့အတွက် ဝင်ငွေရရှိရန် လုပ်ဆောင်ကြပါတယ်။ မိသားစုတိုင်း ကျန်းမာပျော်ရွှင်မှုနဲ့ ကောင်းမွန်တဲ့ အနာဂတ်ကို လိုချင်ကြပါတယ်။

မိသားစုဝင်တိုင်းဟာ ကြိုးစားမှုရဲ့ အသီးအပွင့်တွေကို ညီတူညီမျှ ခံစားခွင့်ရကြပါသလား။ မိသားစုပျော်ရွှင်မှုအတွက် မိသားစုဝင်တိုင်းဟာ အရင်းအမြစ်များနဲ့ အကျိုးခံစားခွင့်များကို ညီတူညီမျှရရှိသင့်ပါတယ်။

## အရင်းအမြစ်တွေနဲ့ အကျိုးကျေးဇူးတွေက ဘာတွေဖြစ်မလဲ။

မိသားစုအရင်းအမြစ်များအကြောင်း လေ့လာရန် အောက်ဖော်ပြပါ အချက်များကို ရွေးပါ။

| | |
|---|---|
| **အရင်းအမြစ်များ**<br><br>စပါးခင်းတွင် လက်ထွန်စက်အသုံးပြုနေသောလူတစ်ဦး၊ မြန်မာ။ © Shutterstock | အရင်းအမြစ်တွေက ဝင်ငွေ၊ ကြွယ်ဝမှုနဲ့ အကျိုးခံစားခွင့်တွေ ဖန်တီးဖို့ လူတစ်ဦးချင်းစီ၊ မိသားစုများ၊ အဖွဲ့အစည်းများနဲ့လူမှုအသိုင်းအဝိုင်းများရဲ့ ပိုင်ဆိုင်မှုဆိုင်ရာ ပစ္စည်းများနဲ့ အသုံးချနိုင်တဲ့အရာတွေ ဖြစ်ကြပါတယ်။<br><br>အရင်းအမြစ်များသည် 'ဒြပ်ရှိ' နဲ့ 'ဒြပ်မဲ့' နှစ်မျိုးလုံး ဖြစ်နိုင်ပါတယ်။ |
| **ဒြပ်ရှိ အရင်းအမြစ်များ**<br><br>ပိုက်ကွန်နှင့် တံငါသည်။ © Shutterstock | ဒြပ်ရှိ အရင်းအမြစ်တွေက မြင်နိုင် သို့မဟုတ် ကိုင်တွယ်ပြသနိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုများဖြစ်ပါတယ်။ မိသားစုအတွင်း ဒြပ်ရှိ အရင်းအမြစ်တွေက ဥပမာအားဖြင့် အိမ်၊ မြေကွက်၊ ကား၊ အစားအစာ၊ ကောက်ပဲသီးနှံ၊ ရေစသည်ဖြင့် ဖြစ်နိုင်ပါတယ်။ |
| **ဒြပ်မဲ့ အရင်းအမြစ်များ**<br><br>၎င်းတို့အိမ်ရှေ့တွင်မတ်တပ်ရပ်နေကြသော မိသားစု၊ မြန်မာ။ © Shutterstock | ဒြပ်မဲ့ အရင်းအမြစ်တွေက ရုပ်ပိုင်းအရ မြင်နိုင် သို့မဟုတ် ထိတွေ့ကိုင်တွယ်၍မရနိုင်သော်လည်း ခံစားသိမြင်နိုင်ကာ အသုံးပြုနိုင်ပါတယ်။ မိသားစုအတွင်း မမြင်နိုင်တဲ့ အရင်းအမြစ်အချို့မှာ ချစ်ခြင်း၊ ယုံကြည်မှု၊ မိသားစုနှောင်ကြိုး၊ ပညာရေး၊ ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်း၊ လုပ်ငန်းကျွမ်းကျင်မှုအရည်အချင်း၊ လူမှုအဆင့်အတန်း စသည်တို့ ဖြစ်ပါတယ်။ |

## လူသားအရင်းအမြစ်



ပွေ့ဖက်နေသော သက်ကြီးရွယ်အိုအမျိုးသမီးနှင့် ကလေးငယ်၊ မြန်မာ။ © Shutterstock

လူသားများကိုယ်တိုင်က အရင်းအမြစ်တစ်မျိုးပါပဲ။ လူတွေက အချိန်၊ ပညာရေး၊ ကျွမ်းကျင်မှုများနဲ့ သူတို့ကိုယ်တိုင်အတွက် အကျိုးကျေးဇူးများစွာ ဖန်တီးနိုင်ပါတယ်။ ဒါ့ကြောင့် မိသားစုဝင်တိုင်းက လူသားအရင်းအမြစ်တွေဖြစ်ကြပါတယ်။

အကျိုးကျေးဇူးတွေဟာ အရင်းအမြစ်တွေကို အသုံးချလို့ရရှိလာတဲ့ ရလာဒ်တွေဖြစ်ပါတယ်။ နောက်ထပ်အကျိုးကျေးဇူးတွေရရှိဖို့အတွက်လည်း တချို့သော အကျိုးကျေးဇူးတွေကို အရင်းအမြစ်အဖြစ် ပြန်လည် အသုံးချနိုင်ပါတယ်။ အကျိုးကျေးဇူးတွေအနေနဲ့ ပညာရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပျော်ရွှင်မှု၊ လုံခြုံမှုအစရှိသည်တို့တို့ ဖြစ်ပါတယ်။

မိသားစုအတွင်းရှိအရင်းအမြစ်များနဲ့ အကျိုးခံစားခွင့်များအကြောင်းကို ယခု သင်သိပြီးဖြစ်ပါတယ်။  အောက်ဖော်ပြပါ မိသားစုဇာတ်ကြောင်းတွေမှာ အရင်းအမြစ်များနဲ့ အကျိုးခံစားခွင့်များကို ခွဲခြားနိုင်ပါသလား။

### ဦးသုခ မိသားစု



ဦးသုခမိသားစုမှာ မိသားစုဝင် ၇ ယောက် ရှိပြီး အခန်း ၃ ခန်းပါသော အိမ်ကို ငှားရမ်းနေထိုင်ကြတယ်။ ဝင်ငွေရှာဖွေပေးသူ ၃ ဦးပါရှိသော ပျော်ရွှင်စရာမိသားစု တစ်ခုဖြစ်ပါတယ်။

အဆိုပါ မိသားစုအကြောင်း အသေးစိတ်အချက်အလက်များကို အောက်ပါဇယားကွက်တွင် ဖတ်ရှုပါ။

| မိသားစုဝင်များ | အမည်နှင့်အသက် | မိသားစုတွင် အခန်းကဏ္ဍ |
|---|---|---|
| ဖခင် | ဦးသုခ | သူက ဆိုက်ကားဆရာ ဖြစ်ပါတယ်။ အလုပ်မစခင် သူ့ကလေး ၃ ယောက်ကို ဆိုက်ကားနင်းရင်း ကျောင်းပို့ပေးပါတယ်။ |
| မိခင် | ဒေါ်ချို | သူမက လမ်းဘေး မုန့်ရောင်းသူဖြစ်ပါတယ်။ လမ်းထောင့်မှာ သူ့စက်ဘီးလှည်းလေးနဲ့ သွားရည်စာမုန့်တွေ ရောင်းပါတယ်။ |
| အကြီးဆုံးသမီး | မဖြူ - ၁၇ နှစ် | သူမက အလယ်တန်းအောင်မြင်ထားသူတစ်ဦး ဖြစ်ပါတယ်။ အိမ်မှုကိစ္စလုပ်ပေးသလို မိသားစုအတွက် အပိုဝင်ငွေရှာဖို့ စက်ရုံတစ်ခုမှာ အဝတ်စအရုပ်တွေ ချုပ်ပါတယ်။ |

| မိသားစုဝင်များ | အမည်နှင့်အသက် | မိသားစုတွင် အခန်းကဏ္ဍ |
|---|---|---|
| အလတ်ဖြစ်သူ အမြွှာများ | မသန္တာနဲ့ မောင်သူရ – ၁၅ နှစ် | ၉ တန်းမှာ ပညာသင်ကြားပြီး မကြာခင် အထက်တန်းကျောင်းတက်တော့မယ်။ မသန္တာက အိမ်ပြန်ရောက်ရင် အိမ်အလုပ်တွေ ကူညီပေးတယ်။ မောင်သူရက အားလပ်ချိန်မှာ သူငယ်ချင်းတွေနဲ့ ဘောလုံးကစားတယ်။ |
| သားထွေး | မောင်ကျော် – ၈ နှစ် | ညနေပိုင်းနဲ့ စနေ၊တနင်္ဂနွေတွေမှာ တီဗီကြည့်တယ်။ |
| အဖွား | ဒေါ်ခင် – အသက် ၆၇ နှစ် | တခါတရံ မဖြူနဲ့အတူ စက်ကူချုပ်တတ်ပါတယ် ။ ဒ့ါအပြင် ရေဒီယို နားထောင်ရတာ ကြိုက်တယ်။ |

ဦးသုခမိသားစု အသေးစိတ်အချက်အလက်များကို လေ့လာပြီးပါက အဖြေများကို စဉ်းစားဖြေဆိုပါ။

**မိသားစုတွင်းရှိ အရင်းအမြစ်နဲ့ အကျိုးကျေးဇူးတွေက ဘာတွေလဲ။ ဘယ်အရာတွေက မိသားစုတွင်းရှိ အရင်းအမြစ်နဲ့ အကျိုးကျေးဇူး နှစ်ခုလုံးနဲ့ သက်ဆိုင်နေပါသလဲ။**

အောက်ဖော်ပြပါအချက်များထဲမှ မှန်ကန်သော ဇယားကွက်များတွင် အမှန်ခြစ်ပါ။

| အချက်များ | အရင်းအမြစ် | အကျိုးကျေးဇူး | အရင်းအမြစ်နဲ့ အကျိုးကျေးဇူး နှစ်မျိုးစလုံး |
|---|---|---|---|
| ကလေးများရဲ့ပညာရေး | | | |
| ငွေထားသောအိမ် | | | |
| စက်ဘီးလှည်း | | | |
| ဆိုက်ကား | | | |
| သွားရည်စာများ | | | |
| ဆိုက်ကားနဲ့ ကလေးတွေကို ကျောင်းကို လိုက်ပို့ပေးတယ်။ | | | |
| ရေဒီယို | | | |
| ဒေါ်ချို | | | |
| အပ်ချုပ်စက် | | | |
| ဦးသုခ | | | |
| မဖြူ | | | |
| တီဗီ | | | |
| ပျော်ရွှင်မှု | | | |

ဦးသုခရဲ့ မိသားစုတွင်းရှိ အရင်းအမြစ်တွေနဲ့ အကျိုးကျေးဇူးများကို မှန်ကန်စွာ ဖော်ထုတ်နိုင်ပါသလား။

သင့်ဖြေဆိုမှုများသည်  ရှင်းလင်းချက်နဲ့ ကိုက်ညီမှုရှိမရှိ ကြည့်ရှုနိုင်ရန် အောက်ပါဇယားကွက်ကို ကြည့်ပါ။

**အရင်းအမြစ်**

ဦးသုခမိသားစုတွင်းရှိ အရင်းအမြစ်များမှာ –

- ဦးသုခ
- ဒေါ်ချို
- မဖြူ
- ငှားထားသောအိမ်
- အပ်ချုပ်စက်
- စက်ဘီးလှည်း
- ဆိုက်ကား

**အကျိုးကျေးဇူးများ**

သူတို့ရဲ့အရင်းအမြစ်တွေကနေရရှိတဲ့ မိသားစုအကျိုးခံစားခွင့်တွေထဲမှာ အောက်ဖော်ပြပါအချက်တွေ ပါဝင်ပါတယ်။

- ဆိုက်ကားနဲ့ ကလေးတွေကို ကျောင်းကိုလိုက်ပို့ပေးတယ်။
- ပျော်ရွှင်မှု

**အရင်းအမြစ်နဲ့ အကျိုးကျေးဇူးနှစ်ခုစလုံး**

မိသားစုအတွင်းရှိ အရင်းအမြစ်နဲ့ အကျိုးကျေးဇူးရှိတဲ့ အရာများမှာ –

- **သွားရည်စာများ** – မုန့်တွေဟာ မိသားစုအတွက် (အကျိုးခံစားခွင့်) စားဖွယ်ရာတစ်ခုဖြစ်တဲ့အပြင် ဝင်ငွေရလမ်းကြောင်းတစ်ခုအဖြစ် (အရင်းအမြစ်) ရောင်းချရန် ထုတ်ကုန်တစ်ခု ဖြစ်နေပါတယ်။
- **ကလေးများရဲ့ပညာရေး** – ပညာရေးဟာ ကလေးတွေအတွက် အသိပညာနဲ့ ကျွမ်းကျင်မှုတွေကို ပံ့ပိုးပေးတာကြောင့် ပညာရေးက အနာဂတ်အရင်းအမြစ်တစ်ခုအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါတယ်။ အသိပညာနဲ့ ကျွမ်းကျင်မှုတွေက အနာဂတ်မှာ ဝင်ငွေကောင်း ရှာဖွေပေးနိုင်တဲ့ အရင်းအမြစ်ဖြစ်ပါတယ်။
- **ဝင်ငွေ** – ဝင်ငွေက မိသားစု စားဝတ်နေရေး လည်ပတ်နိုင်ဖို့ လိုအပ်တဲ့ငွေဖြစ်ပါတယ်။
- **ရေဒီယိုနှင့် ရုပ်မြင်သံကြား**

အခု ဦးသုခမိသားစုရဲ့ အခြေအနေမှာ အပြောင်းအလဲတွေရှိနေပါတယ်။ မိသားစုဟာ သူတို့ရဲ့ အရင်းအမြစ်တွေကို စိန်ခေါ်တဲ့ ခက်ခဲသောအခြေအနေအချို့ကို ဖြတ်သန်းနေရပါတယ်။



အဖွားဒေါ်ခင်ကို ဆေးရုံတင်ထားရတယ်။



ကလေးတွေ ကျောင်းမတက်နိုင်ဘူး။



မဖြူက အိမ်ထောင်ပြုချင်နေတယ်။



ဒေါ်ချိုရဲ့ စက်ဘီး ပျက်သွားတယ်။



မိသားစုက ချေးငွေလိုချင်တယ်။

ဖော်ပြပါ ခက်ခဲသောအခြေအနေတွေမှာ အရင်းအမြစ်စီမံခန့်ခွဲမှုကောင်းတစ်ခုနဲ့ မိသားစုကို သင်ကူညီပေးဖို့ လိုအပ်နေပါတယ်။

**သူတို့ရဲ့ပြဿနာ တစ်ခုစီ အတွက် ဘယ်လိုဖြေရှင်းချက်တွေကို သင်စဉ်းစားနိုင်မလဲ။**

၁။ အဖွားဒေါ်ခင်က ဆေးရုံတက်နေတာ သုံးရက်ရှိပြီ။ တစ်ယောက်ယောက်က ဆေးရုံမှာ သူမနဲ့ အတူနေပေးရတယ်။ မိသားစုက ဆေးရုံစရိတ်ပေးဖို့ ပိုက်ဆံ မလောက်ဘူး။

**ဒီအခြေအနေမှာ မိသားစုက ဘာလုပ်သင့်လဲ။**

အဖြေကို အောက်တွင် ရွေးချယ်ပါ။ အဖြေကို တစ်ခုထက်ပိုပြီးလည်း ရွေးချယ်နိုင်ပါသည်။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

- ☐ က — ဖခင်ဖြစ်သူ ဦးသုခက အဖွားဒေါ်ခင်ကို ဆိုက်ကားနဲ့ ဆေးရုံသို့ ခေါ်ဆောင်သွားကာ အကြီးဆုံးသမီးဖြစ်သူ မဖြူက အဖွားကို ဆေးရုံစောင့်ပေးတယ်။
- ☐ ခ — စားရိတ်အမြောက်အများ မကုန်ကျစေဖို့ ဆေးပညာအကြံပြုချက်တွေကို လွန်ဆန်ကာ အဖွားဒေါ်ခင်ကို ဆေးရုံမှဆင်းပြီး အိမ်တွင်းကုထုံးများကို အားကိုးဖို့ မိသားစုတွေက ဆုံးဖြတ်ခဲ့တယ်။
- ☐ ဂ — အမြွှာတွေဖြစ်ကြတဲ့ မသန္တာနဲ့ မောင်သူရတို့က ဆေးရုံမှာ အလှည့်ကျ စောင့်ပေးနိုင်တယ် သို့မဟုတ် မဖြူအစား အိမ်မှုကိစ္စတွေကို လုပ်ဆောင်ပေးနိုင်တယ်။
- ☐ ဃ — ဆေးရုံစရိတ်အတွက် မိသားစုက သူငယ်ချင်း/ဆွေမျိုးတွေဆီက ပိုက်ဆံချေးနိုင်တယ်။ သက်ကြီးရွယ်အိုများအတွက် အထူးအကူအညီပေးရေးအစီအစဉ်တွေကနေတဆင့် အကျိုးခံစားခွင့်ရရှိဖို့ ကြိုးစားနိုင်တယ်။

၂။ ဆေးရုံစရိတ်နဲ့ ဆေးဝါးတွေကြောင့် မိသားစုက ကလေး ၂ ယောက်စာပဲ ကျောင်းစရိတ် တတ်နိုင်ပါတော့တယ်။

**ဒီလိုအခြေအနေမျိုးမှာ မိသားစုအတွက် ဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းကောင်းတွေက ဘာတွေဖြစ်မလဲ။**

အောက်ပါအကြောင်းအရာများထဲမှ အဖြေကိုရွေးပါ။ အဖြေကို တစ်ခုထက်ပိုပြီးလည်းဖြေဆိုနိုင်ပါသည်။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — မိသားစုတွေဟာ ၎င်းတို့ရဲ့ဘဏ္ဍာရေးအခြေအနေကောင်းမွန်လာသည်အထိ ကလေးများအားလုံးကို ကျောင်းထုတ်ရန် ဆုံးဖြတ်ပြီး ပညာရေးကို ဒုတိယ ဦးစားပေးအဖြစ် သတ်မှတ်လိုက်တယ်။
- ☐ ခ — အမြွှာတို့ဟာ စာတော်တဲ့ကလေးတွေဖြစ်ကြတဲ့အတွက် မသန္တာ (သို့) မောင်သူရ အတွက် ပညာသင်ဆု ရှာဖွေပါ။
- ☐ ဂ — မသန္တာနဲ့ မောင်သူရတို့က ဖခင် ဦးသုခ၊ မိခင် ဒေါ်ချိုနဲ့ အကြီးဆုံးသမီး မဖြူတို့ ဝင်ငွေပိုရှာနိုင်အောင် အိမ်အလုပ်တွေ ပိုလုပ်ကြတယ်။

၃။ သမီးအကြီးဆုံး မဖြူက သူချစ်သူနဲ့ လက်ထပ်ချင်ပါတယ်။ မိသားစုက သဘောတူပေမယ့် သူတို့အနေနဲ့ စိတ်ပူတဲ့ အချက်သုံးချက် ရှိပါတယ်။

- ချစ်သူမှာ တည်မြဲတဲ့အလုပ်အကိုင် မရှိပါ။
- မင်္ဂလာဆောင်စရိတ်က မိသားစုအတွက် ငွေကြေးဝန်ထုပ်ဝန်ပိုး ပိုတိုးလာမယ်။
- မဖြူအိမ်ထောင်ပြုခြင်းက မိသားစုအတွက် များစွာအထောက်အကူဖြစ်စေတဲ့ အဖိုးတန်အရင်းအမြစ်တွေ ဆုံးရှုံးခြင်းလို့ ဆိုနိုင်ပါတယ်။

**ဒီအခြေအနေမှာ မိသားစုအနေနဲ့ ဘာလုပ်နိုင်မလဲ။**

အောက်ပါအကြောင်းအရာများထဲမှ အဖြေကို ရွေးပါ။ အဖြေကို တစ်ခုထက်ပိုပြီးလည်းဖြေဆိုနိုင်ပါသည်။အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — မဖြူက ဘာကြောင့် အိမ်ထောင်ပြုချင်တာလဲဆိုတာ ဆန်းစစ်ပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုခြင်းရဲ့ ကောင်းကျိုး ဆိုးကျိုးတွေကို မိသားစုက ရှင်းပြရပါမယ်။
- ☐ ခ — ချက်ချင်းလက်ငင်း ငွေကြေးဆိုင်ရာ စိုးရိမ်မှုများထက် မဖြူရဲ့ ပျော်ရွှင်မှုနဲ့အနာဂတ်တည်ငြိမ်မှုကို ဦးစားပေးပါ။
- ☐ ဂ — မဖြူဘက်က သေချာပြီဆိုရင် မိသားစုအနေနဲ့ ရိုးရိုးရှင်းရှင်းမင်္ဂလာပွဲ လုပ်ပေးနိုင်ပြီး စုံတွဲကိုလည်း ကလေးမြန်မြန်မယူဖို့ အကြံပေးနိုင်ပါတယ်။

၄။ မိခင်ဒေါ်ချိုရဲ့ စက်ဘီးလည်း ပျက်သွားပြီး မပြင်နိုင်တာ ၅ ရက် ရှိပါပြီ။ မိသားစုအနေနဲ့ တွန်းလှည်းအသစ်မဝယ်နိုင်သလို ၅ ရက်လောက် အလုပ်မလုပ်ပဲ နေဖို့လည်း အဆင်မပြေပါ။

**ဒီလို အခြေအနေမှာ မိသားစုအနေနဲ့ ဘာလုပ်သင့်သလဲ။**

အောက်ဖော်ပြပါအချက်များထဲက အဖြေတစ်ခုကိုရွေးချယ်ပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

- ☐ က — စက်ဘီးကို ပြုပြင်ဖို့ စောင့်ပါ။ ဖခင်ဖြစ်သူ ဦးသုခက ဒေါ်ချိုနဲ့ သူမရဲ့ သွားရည်စာမုန့်တွေကို ဆိုက်ကားနဲ့ တင်လာပြီး သူမရဲ့ ပုံမှန်ဈေးထွက်နေကျနေရာမှာ ရောင်းနိုင်အောင် ကူညီပေးပါတယ်။
- ☐ ခ — အဲ့ဒီလို လုပ်တာက သူတို့အပေါ် ငွေရေးကြေးရေး ပိုမိုကျပ်တည်းစေမယ့်အပြင် အခြေအနေကို ပိုဆိုးရွားစေမယ်ဆိုတာ သိပေမဲ့ မိသားစုအနေနဲ့ တွန်းလှည်းအသစ်ဝယ်ဖို့ ချေးငွေယူရန် ဆုံးဖြတ်လိုက်ပါတယ်။
- ☐ ဂ — ငွေသားအမြန်ထွက်လာပြီး လှည်းအသစ်ဝယ်ဖို့အတွက် မိသားစုအနေနဲ့ မရှိမဖြစ်အိမ်သုံးပစ္စည်းတွေ သို့မဟုတ် ကိုယ်ပိုင် ပစ္စည်းတွေကို ရောင်းချဖို့ ဆုံးဖြတ်လိုက်ပါတယ်။

၅။ တစ်နေ့မှာ သူတို့မိသားစုရဲ့ ကံကြမ္မာ အလှည့်အပြောင်း ဖြစ်လာခဲ့ပါတယ်။ ရွာရန်ပုံငွေကနေ အသေးစားချေးငွေယူနိုင်ဖို့အတွက် သူတို့မိသားစုကို ရွေးချယ်လိုက်ပါတယ်။ ချေးငွေရဲ့ သတ်မှတ်ချက်တွေအရ မိသားစုက အောက်ပါအတိုင်း လုပ်ဆောင်သင့်ပါတယ်။

- ဝင်ငွေပိုမိုရရှိဖို့ ချေးငွေကို အသုံးပြုမယ်။
- ချေးငွေကို တစ်နှစ်အတွင်း အတိုး ၂ ရာခိုင်နှုန်းနဲ့ လစဉ်အရစ်ကျဖြင့် ပြန်ဆပ်မယ်။

**မိသားစုအတွက် သူတို့ရဲ့ငွေတွေကို ရင်းနှီးမြုပ်နှံဖို့ ဘယ်လိုနည်းလမ်းက ပိုကောင်းမလဲ။**

အောက်ပါအကြောင်းအရာများထဲမှ အဖြေကို ရွေးပါ။ အဖြေကို တစ်ခုထက်ပိုပြီးလည်းဖြေဆိုနိုင်ပါသည်။ အဖြေမှန်များကို “နောက်ဆက်တွဲ အဖြေများ” တွင် ကြည့်ရှုနိုင်ပါသည်။

☐ က — အကယ်၍ မဖြူ အိမ်ထောင်ပြုပါက မိသားစုစီးပွားရေးမှာ ဝင်ပါဖို့ ဖိတ်ခေါ်နိုင်ပါတယ်။ မိသားစုအနေနဲ့ မဖြူ သို့မဟုတ် သူ့ခင်ပွန်းအတွက် နောက်ထပ် စက်ဘီးတွန်းလှည်းကို ဝယ်နိုင်ပါတယ်။ ဒါမှမဟုတ် မဖြူရဲ့ခင်ပွန်းအတွက် နောက်ထပ်ဆိုက်ကားတစ်စီး ဝယ်ပေးနိုင်ပါတယ်။

☐ ခ — ဝင်ငွေပိုမိုရရှိအောင် ချေးငွေယူထားတဲ့ အခြေအနေကို ထည့်မစဉ်းစားပဲ မိသားစုအနေနဲ့ နေအိမ်ကို ပြန်လည်ပြုပြင်ဖို့ ဒါမှမဟုတ် တန်ဖိုးကြီးပရိဘောဂတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဝယ်ယူဖို့ဘဲ ချေးငွေကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်ပါတယ်။

☐ ဂ — အကယ်၍ မဖြူက အိမ်ထောင်မပြုပါက ပိုကောင်းတဲ့အလုပ်အတွက် မွမ်းမံလေ့ကျင့်ဖို့ ဒါမှမဟုတ် အသေးစားလုပ်ငန်းစတင်ဖို့ ငွေကြေးအနည်းငယ် ပံ့ပိုးလိုက်ပါ။

ဦးသုခမိသားစုကပေးတဲ့ သင်ခန်းစာတွေကို တွေးကြည့်နိုင်ပါသလား။



ဦးသုခမိသားစုက ပေးတဲ့ ရိုးရှင်းသော သိမှတ်စရာတွေက –

- မိသားစုတိုင်းမှာ အရင်းအမြစ်တွေအပြင် ၎င်းတို့ကိုအသုံးပြုခြင်းမှ အကျိုးကျေးဇူးအချို့ရှိပါတယ်။
- မိသားစုဝင်အားလုံးဟာ လိင်ခွဲခြားမှုမရှိဘဲ အရင်းအမြစ်တွေနဲ့ အကျိုးခံစားခွင့်တွေကို တန်းတူညီမျှ သုံးစွဲခွင့်ရှိသင့်ပါတယ်။
- မိသားစုတွင်းရှိအရင်းအမြစ်တွေနဲ့ အကျိုးခံစားခွင့်တွေကို ဘယ်လိုအသုံးပြုရမယ်ဆိုတာ ဆုံးဖြတ်ဖို့ မိသားစုဝင်တိုင်းမှာ ပြောပိုင်ခွင့်ရှိသင့်ပါတယ်။
- အရင်းအမြစ် အကန့်အသတ်ရှိသော်လည်း ၎င်းတို့ကိုပါးနပ်စွာ အသုံးပြုမှုသည် မိသားစုတစ်ခုရဲ့ပျော်ရွှင်မှုနဲ့ သာယာဝပြောရေးကို ဆက်ထိန်းထားရန် ကူညီပေးနိုင်ပါတယ်။

## လေ့လာမှုမှတ်တိုင်

ရွာတစ်ရွာမှာ မိသားစု ၄ ယောက် ရှိတယ်။ အဖေက လယ်လုပ်တယ်။ ဆိုင်ကယ်စီးပြီး အလုပ်သွားတယ်။ အမေက မိသားစုခြံက ထွက်တဲ့ ဟင်းသီးဟင်းရွက်တွေကို ရောင်းတယ်။ ဈေးမှာ စက်ဘီးတစ်စီးနဲ့ ဟင်းသီးဟင်းရွက်တွေကို ရောင်းတယ်။ မိသားစုထဲက ကလေး ၂ ယောက်က ကျောင်းတက်ကြတယ်။ ခြုံပြောရမယ်ဆိုရင် မိသားစုဝင်တွေက ပျော်ရွှင်ပြီးလုံခြုံမှု ရှိကြပါတယ်။

**အဲ့ဒီ မိသားစုတွင်းရှိ အရင်းအမြစ်နဲ့ အကျိုးကျေးဇူးတွေက ဘာတွေလဲ။ မိသားစုတွင်းရှိ အရင်းအမြစ်နဲ့ အကျိုးကျေးဇူးဖြစ်စေတဲ့ အရာတွေက ဘာတွေလဲ။**

အောက်ပါဇယားကွက်ထဲမှ ရွေးချယ်မှုများကို မှန်ကန်မှုရှိအောင် ယှဉ်တွဲပါ။
အဖြေမှန်များကို “နောက်ဆက်တွဲ အဖြေများ” တွင်ကြည့်ရှုနိုင်ပါသည်။

| | |
|---|---|
| ၁ အရင်းအမြစ်နှင့် အကျိုးကျေးဇူးများ | က ကျောင်း၊ ပျော်ရွှင်မှု၊ လုံခြုံမှု။ |
| ၂ အကျိုးကျေးဇူးများ | ခ ဟင်းသီးဟင်းရွက်၊ ကလေးများရဲ့ ပညာရေး၊ ဝင်ငွေ။ |
| ၃ အရင်းအမြစ်များ | ဂ အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြံ၊ ဟင်းသီးဟင်းရွက်လုပ်ငန်း။ |

**အရွယ်ရောက်ပြီးသူတွေကို ပုံမှန်အားဖြင့် အလုပ်လုပ်ဖို့မျှော်မှန်းထားပေမယ့် ကလေးတွေ အလုပ်လုပ်နေတဲ့အပေါ် သင့်အမြင် ဘယ်လိုရှိပါသလဲ။**

သင်ခန်းစာ ၄/၆

# ကလေးများကို ကယ်တင်ခြင်း

**ကစားချင်တဲ့အချိန်မှာ အလုပ်လုပ်ဖူးပါသလား။**

ကျောင်းသွားတာ ဒါမှမဟုတ် သင့်ရဲ့သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းမယ့်အစား နေ့တိုင်း အလုပ်သွားလုပ်ရမယ်ဆိုတဲ့ အနေအထားကို စိတ်ကူးကြည့်ပါ။ အဲ့ဒါက ကောင်းတဲ့အခြေအနေတစ်ခု မဟုတ်ပါဘူး။ ကလေးတွေက တရားဝင်အလုပ်လုပ်ခွင့်ရှိတဲ့အသက် မပြည့်ခင် အသက်မွေးဝမ်းကျောင်းအလုပ် မလုပ်သင့်ပါဘူး။

**ကလေးတွေအတွက် ပိုက်ဆံရှာဖို့ ဘယ်အသက်အရွယ်က သင့်တော်ပါသလဲ။**



မောင်းတံနှင့် မောင်းခွင်။ © Shutterstock

ဤမေးခွန်းအတွက် အဖြေဟာ ကွဲပြားနိုင်ပါတယ်။ နိုင်ငံအများစုအတွက် လုပ်ငန်းခွင်ဝင်နိုင်ဖို့ တရားဝင်သတ်မှတ်ထားတဲ့ ကလေးများအတွက် အနိမ့်ဆုံး အသက်က ၁၅ နှစ်ဝန်းကျင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကလေးများရဲ့ အလုပ်စလုပ်နိုင်တဲ့ အနိမ့်ဆုံးအသက်ဟာ ၁၄ နှစ်ဖြစ်သော်လည်း အချို့သောအခြေအနေတွေအတွက်သာ အကျုံးဝင်ပါတယ်။ မြန်မာနိုင်ငံ အလုပ်သမားဥပဒေများအရ

- အသက် ၁၄နှစ်မှ ၁၅ နှစ်အထိ ကလေးများဟာ ပေါ့ပါးပြီး လုံခြုံသောအလုပ်များကို တစ်နေ့ကို အများဆုံး ၄ နာရီအထိသာ လုပ်ကိုင်နိုင်ပါတယ်။
- အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ ကလေးများဟာ လူကြီးများကဲ့သို့ အလုပ်လုပ်ကိုင်နိုင်သော်လည်း အချိန်ပို မလုပ်ရပါ သို့မဟုတ် အန္တရာယ်ရှိသော အလုပ်တွင် မပါဝင်ရပါ။

**အလုပ်လုပ်နိုင်တဲ့ အသက်ပြည့်တဲ့ ကလေးတွေအတွက် "ပေါ့ပါးပြီး ဘေးကင်းသောအလုပ်" ဆိုတာ ဘာလဲ။**

**ဘယ်လိုအလုပ်မျိုးက သူတို့အတွက် လက်သင့်ခံနိုင်သောအလုပ်အမျိုးအစားများနဲ့ လက်သင့်မခံနိုင်သောအလုပ်အမျိုးအစားများ ဖြစ်ပါသလဲ။**

(ဥပဒေအရ) သတ်မှတ်ထားသော အလုပ်လုပ်ကိုင်ခွင့်ပြုသည့်အနိမ့်ဆုံးအသက်အောက်ရှိကလေးတွေ လုပ်ဆောင်နေရတဲ့ ဘယ်လို အလုပ်ကိုမဆို လက်ခံနိုင်စရာမရှိပါ။ ၎င်းကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးအရ သို့မဟုတ် ကိုယ်ကျင့်တရားအရ အန္တရာယ်ရှိပြီး ကလေးများကို အန္တရာယ်ဖြစ်စေသည့် အလုပ်များကို ရည်ညွှန်းသည့် ကလေးလုပ်သားပုံစံဟု သတ်မှတ်သည်။

**ဒါဆိုရင် အရွယ်မရောက်သေးတဲ့ကလေးတွေအနေနဲ့ လုံးဝအလုပ်မလုပ်သင့်လို့ ဆိုလိုပါသလား။**

မဟုတ်ပါ။ ကလေးလုပ်သောအလုပ်အားလုံးကို ကလေးအလုပ်သမားအဖြစ် မှတ်ယူလို့မရပါ။ ကလေးအလုပ် နဲ့ ကလေးအလုပ်သမားအကြား ကွာခြားမှုရှိပါတယ်။

ကလေးအလုပ် နဲ့ ကလေးအလုပ်သမားအကြား ကွာခြားမှုတွေကို လေ့လာနိုင်ဖို့ အောက်ပါရုပ်ပုံများကို လေ့လာကြည့်ရှုပါ။



### ကလေးအလုပ်

ကလေးအလုပ်ဆိုတာ ကလေးတွေအနေနဲ့ သူတို့၏ အသက်အရွယ်နှင့် ကိုက်ညီသော ဘေးကင်းလုံခြုံသော အလုပ်တွေကိုလုပ်ခြင်းဖြစ်ပါတယ်။ အသက် ၁၆ နှစ်အောက်ဖြစ်ပြီး အကန့်အသတ်ရှိသော ကလေးအလုပ်သည် နေ့စဉ်နှစ်နာရီကြာ ပေါ့ပါးသောအလုပ်ဖြစ်နိုင်ပြီး ကလေးတွေကျောင်းသွားဖို့အခွင့်အလမ်းရှိသလို ကစားရန်၊ စာကျက်ရန်နှင့် အိပ်ချိန်ရှိသရွေ့ အဆင်ပြေပါသည်။ သို့သော်လည်း အသက် ၁၄ နှစ်အောက် ကလေးများအား အခကြေးငွေပေး၍ရသော အလုပ်တွင် မပါဝင်သင့်ပါ (မြန်မာနိုင်ငံဥပဒေအရ) အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား ကလေးများအား အချိန်ပြည့်အလုပ်လုပ်ခွင့်ပြုသော်လည်း ၎င်းအလုပ်သည် အန္တရာယ်ရှိသောအလုပ်မဖြစ်ရပါ။ ကလေးအလုပ်တွေက ကလေးတွေအတွက် ကျွမ်းကျင်မှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ တာဝန်ယူတတ်သောအသိတွေ ရှိလာစေအောင် လုပ်ဆောင်ပေးရာမှာ အရေးကြီးပါတယ်။

ဥပမာ – အသက် ၁၀ နှစ်သားအရွယ် သည် အိမ်အနီးတစ်ဝိုက်တွင် သန့်ရှင်းရေးလုပ်ခြင်း သို့မဟုတ် ပန်းကန်ဆေးခြင်း၊
- အသက် ၁၅ နှစ်သားအရွယ် သည် ဆိုင်အကူအဖြစ် တစ်ရက်လျှင် ၃ နာရီ အလုပ်လုပ်ခြင်း၊
- အသက် ၁၇ နှစ်သားသည် အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်သော်လည်း အကြီးစားစက်ယန္တရားများကို မကိုင်တွယ်ရခြင်း သို့မဟုတ် အန္တရာယ်ရှိသော လုပ်ငန်းခွင်အခြေအနေတွင် မလုပ်ကိုင်ရခြင်း။



### ကလေးအလုပ်သမား

ကလေးအလုပ်သမား ဆိုတာ ကလေးတွေအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးအရ သို့မဟုတ် ကိုယ်ကျင့်တရားအရ အန္တရာယ်ရှိပြီး ထိခိုက်စေနိုင်သော အလုပ်တွေကို ရည်ညွှန်းပါတယ်။ အချို့သောအလုပ်တွေကို 'ကလေးအလုပ်သမား' လို့ ခေါ်ဆိုနိုင်ခြင်း ရှိ/မရှိ ဆိုတာက သက်ဆိုင်ရာ ကလေးရဲ့ အသက်အရွယ်၊ အလုပ်သဘော သဘာဝ၊ အလုပ်ချိန်အပြင် အလုပ်အခြေအနေတွေအပေါ် မူတည်ပါတယ်။

ဥပမာ – အသက် ၁၄ နှစ်အောက်ကလေးသည် လက်ဖက်ရည်ဆိုင်တွင် တစ်ရက်လျှင် ၃-၄ နာရီထက်ပို၍ အလုပ်လုပ်သည်။
- အသက် ၁၄ နှစ်သားကလေးသည် စိုက်ခင်းတွင် အချိန်ပြည့် အလုပ်လုပ်နေသည်။
- အသက် ၁၇ နှစ်အရွယ်ကလေးသည် မိုင်း သို့မဟုတ် ငါးဖမ်းလှေကဲ့သို့ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသည်။
- သူတောင်းစားအဖြစ်၊ စစ်သားအဖြစ်၊ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်နေရသည့် မည်သည့်ကလေးမဆို။

ကလေးများအတွက် လက်သင့်ခံနိုင်သောအလုပ်အမျိုးအစားများနဲ့ လက်သင့်မခံနိုင်သောအလုပ်အမျိုးအစားများကို အမှန်ခြစ်ပြပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

| အလုပ်အမျိုးအစား | ကလေးများအတွက် လက်သင့်ခံနိုင်သောအလုပ်များ | ကလေးများအတွက် လက်သင့်မခံနိုင်သောအလုပ်များ |
|---|---|---|
| ကလေးတွေကို စာသင်ပေးခြင်း | | |
| ကလေးစစ်သားအဖြစ် လုပ်ကိုင်ခြင်း | | |
| စားသောက်ဆိုင် မီးဖိုချောင်မှာ ညနေ ၆ နာရီမှ ၁၀ နာရီအထိ အလုပ်လုပ်ခြင်း | | |
| စာချုပ်ဖြင့် ချည်နှောင်ထားသည့် အလုပ်သမားများအဖြစ် လုပ်ကိုင်ခြင်း | | |
| မိသားစုအကြွေးဆပ်ရန် လယ်လုပ်ခြင်း | | |
| မိုင်းတွင်းမှာ အလုပ်လုပ်ခြင်း | | |
| ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ လုပ်ကိုင်ခြင်း | | |
| ကလေးအိမ်အကူအဖြစ် မနက်မိုးလင်းမှ ညအထိ အလုပ်လုပ်ခြင်း | | |
| မနက်တိုင်း အိမ်သန့်ရှင်းရေးလုပ်ခြင်း | | |
| အိမ်နီးနားချင်းရဲ့ ကလေးကို တခါတရံ ကူထိန်းပေးခြင်း | | |
| အခကြေးငွေ ကြီးကြီးမားမားဖြင့် အွန်လိုင်းတွင် လိင်ပိုင်းဆိုင်ရာ ဓာတ်ပုံများ တင်ခြင်း | | |
| အိမ်မှာ မိဘများအတွက် အဝတ်လျှော်ခြင်း | | |
| ချက်ပြုတ်ရာမှာ အမေကို ကူညီခြင်း | | |
| စနေ၊ တနင်္ဂနွေ ပိတ်ရက်တွေမှာ မိသားစုပဟင်းသီးဟင်းရွက် စိုက်ခင်းမှာ အလုပ်လုပ်ခြင်း | | |
| ဒေသန္တရစတိုးဆိုင်မှာ တစ်ရက်လျှင် ၂ နာရီ အချိန်ပိုင်းအလုပ်လုပ်ခြင်း | | |

## ကလေးအိမ်အကူအလုပ်ကရော ကလေးအလုပ်သမား ဖြစ်ပါသလား။



ကလေးအိမ်အကူအလုပ်က တခြားအိမ်တွေမှာ ပိုက်ဆံရှာချင်တဲ့ကလေးတွေ လုပ်တဲ့အလုပ်ပါ။ အထူးသဖြင့် မိန်းကလေးတွေအတွက် အသုံးအများဆုံးနဲ့ သမားရိုးကျအဖြစ်ဆုံး အလုပ်တွေထဲက တစ်ခုပါ။

မိဘတော်တော်များများက သမီးမိန်းကလေးတွေ အလုပ်လုပ်တဲ့အခါ အလုပ်ခွင်မှာထက် အိမ်တွေမှာ ပိုလုံခြုံတယ်လို့ ယူဆကြပေမယ့် ဒါဟာ မမှန်ပါဘူး။ ကလေးအိမ်အကူအများစု၊ အထူးသဖြင့် မိန်းကလေးအများစုဟာ မလုံခြုံတဲ့အခြေအနေမှာ အလုပ်လုပ်ကြရပြီး အလုပ်ရှင်တွေဆီက ဆိုးရွားတဲ့ဆက်ဆံခံရမှုတွေလည်း ရှိနေပါတယ်။ ဤကဲ့သို့ဆိုလျှင် ကလေးများ၏ အိမ်တွင်းမှုလုပ်ငန်းကို ကလေးအလုပ်သမားဟု သတ်မှတ်သည်။

## ကလေးအလုပ်သမားအဖြစ် စေခိုင်းခံရခြင်းက ကလေးအပေါ် ဘယ်လိုသက်ရောက်မှုရှိလဲ။



စပါးခင်းထဲတွင် အလုပ်လုပ်နေသော ကလေးမလေး၊ မြန်မာ။ © Shutterstock

ကလေးအလုပ်သမားအဖြစ် စေခိုင်းခံရခြင်းရဲ့ သက်ရောက်မှုများမှာ အောက်ဖော်ပြပါအချက်များအတိုင်း ပြင်းထန်ပါတယ်။
ကလေးအလုပ်သမား –

- သူတို့ကို ပိုမိုဆင်းရဲမွဲတေမှုဆီသို့ တွန်းပို့ခြင်း၊ ကလေးအလုပ်သမားများက ဆင်းရဲနွမ်းပါးသော လူကြီးများ ဖြစ်လာဖွယ်ရှိခြင်း။
- ၎င်းတို့ရဲ့ ကလေးဘဝ၊ အလားအလာနဲ့ ဂုဏ်သိက္ခာကို ဖျက်ဆီးနိုင်ခြင်း။
- ၎င်းတို့ရဲ့ ကျောင်းပညာရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ပေးခြင်း။
- ကြီးထွားမှု အားနည်းခြင်း၊ ကျန်းမာရေးချူချာခြင်း၊ မတော်တဆထိခိုက်မှုများကြောင့် ဖြစ်ပေါ်စေတဲ့ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများနဲ့ ရောဂါများ၊ မလုံခြုံတဲ့လုပ်ငန်းခွင် အခြေအနေတွေနဲ့ အလွဲသုံးစားခံရမှုများ စသည့် အချက်တွေကြောင့် ရုပ်ပိုင်းဆိုင်ရာ အလွန်အမင်းပျက်စီးမှုကို ဖြစ်စေခြင်း။
- ကလေးများမှာ စိုးရိမ်ပူပန်မှု၊ ယုံကြည်စိတ် ကင်းမဲ့မှုနဲ့ ရန်လိုမှုကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖြစ်စေခြင်း။

**ကလေးအလုပ်သမားများအပေါ် ဆိုးရွားသောသက်ရောက်မှုများကို သိရှိနားလည်ထားကြပေမယ့် မိဘတွေက ဘာကြောင့် သူတို့ရဲ့ ကလေးတွေကို ကလေးအလုပ်သမား အဖြစ် တွန်းပို့နေပါသလဲ။ ဘာကြောင့် အလုပ်ရှင်တွေက ကလေးအလုပ်သမားတွေကို အသုံးပြုနေကြတာလဲ။**

အကြောင်းပြချက်များကို အောက်ပါရုပ်ပုံများတွင် ကြည့်ပါ။



အလုပ်လုပ်နေသော ကလေးငယ်များ။ © Shutterstock

## မိဘများအတွက် အကြောင်းပြချက်များ

ဆင်းရဲမွဲတေမှုဟာ ကလေးအိမ်အကူအလုပ်နဲ့ ကလေးအလုပ်သမားများဖြစ်ပေါ်လာမှုရဲ့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ ဆင်းရဲသောမိဘတွေက စားဝတ်နေရေး အပြင် ၎င်းတို့ရဲ့ကလေးတွေအတွက် ပညာသင်ကြားခွင့်နဲ့ ပညာရေးစရိတ်၊ ရွှေ့ပြောင်းနေထိုင်စရိတ် အစရှိတဲ့ ငွေကြေးဆိုင်ရာ နှင့်အခြားသော စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေကြရပါတယ်။ ငွေရေးကြေးရေးအခက်အခဲရှိသောမိဘများဟာ မိဘများဟာ သားသမီးတွေကို ၎င်းတို့ရဲ့ အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းရန် အပိုငွေရှာရန် တွန်းအားပေးကြပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ မိသားစုများမှ ကလေးတွေရဲ့ အပိုဝင်ငွေဟာ ရှင်သန်မှုအတွက် အရေးကြီးနေပါတယ်။

## အလုပ်ရှင်များအတွက် အကြောင်းပြချက်များ

အလုပ်ရှင်တွေက ကလေးတွေကို စီမံခန့်ခွဲရတာ ပိုလွယ်ကူတာကြောင့် ကလေးအလုပ်သမားတွေ ပိုမိုအသုံးပြုလေ့ရှိပါတယ်။ ကလေးတွေက သူတို့ရဲ့ အခွင့်အရေးတွေကို သတိမထားမိတတ်ကြတဲ့အပြင် တောင်းဆိုမှုနည်းတယ်၊ ပြဿနာရှာတာ နည်းတယ်၊ နာခံတယ်၊ ပိုယုံကြည်ရတယ်၊ အလုပ်ပျက်ဖို့ အလားအလာနည်းတယ်။

မသမာသောအလုပ်ရှင်တွေဟာ ဆင်းရဲမွဲတေမှုကို အခွင့်ကောင်းယူကာ ၎င်းတို့ရဲ့အကျိုးအမြတ်ပိုမိုရရှိဖို့ ကလေးအလုပ်သမားများကို အသုံးပြုကြပါတယ်။ ကလေးလုပ်သားတွေဟာ အလုပ်အတွက် ရံဖန်ရံခါ ဆိုသလို အခကြေးငွေ မရရှိကြပါဘူး။ တခါတရံ အလုပ်ရှင်များက မိဘများကို တိုက်ရိုက်ပေးချေခြင်း သို့မဟုတ် သားသမီးတွေကို မိဘရဲ့ အကြွေးအတွက် "ပေးချေခြင်း" အဖြစ် သတ်မှတ်လေ့ရှိတာကြောင့် ကလေးတွေဟာ အကြွေးကျွန်ခံနေကြရပါတယ်။ တစ်ခါတရံ ကလေးတွေက သူတို့ရဲ့ လုပ်အားခအဖြစ် အစားအစာနဲ့ အိပ်စရာနေရာများသာ ရကြပါတယ်။

## ဘယ်နယ်ပယ်တွေမှာ ကလေးအလုပ်သမား ရာခိုင်နှုန်း အများဆုံးလဲ။



လယ်ကွင်းထဲတွင် အလုပ်လုပ်နေသော ကလေးငယ်၊ မြန်မာ။ © Shutterstock

စိုက်ပျိုးရေးကဏ္ဍမှာ ကလေးအလုပ်သမား ရာခိုင်နှုန်း အများဆုံးဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းခွင်က ကလေးတွေအတွက် အန္တရာယ်အရှိဆုံး တစ်ခုလို့ သတ်မှတ် နိုင်ပါတယ်။

ဒီနယ်ပယ်မှာ အလုပ်လုပ်နေတဲ့ ကလေးတွေဟာ ပြင်းထန်တဲ့ ရာသီဥတုအခြေအနေတွေနဲ့ အန္တရာယ်များတဲ့ အလုပ်တွေကို လုပ်နေရပါတယ်။ ပြင်းထန်ပြီး မတော်တဆမှုဖြစ်စေနိုင်တဲ့ အန္တရာယ်ရှိ အကြီးစားစက်ယန္တရားတွေအပြင် အဆိပ်သင့်ဓာတုပစ္စည်း (ဥပမာ၊ ဓာတ်မြေဩဇာ)တွေနဲ့ ထိတွေ့နေရပါတယ်။ အထက်ဖော်ပြပါအားလုံးကို ဘေးအန္တရာယ်ရှိသောအလုပ်ဟု ရည်ညွှန်းပြီး အဆိုးရွားဆုံးပုံစံရှိတဲ့ ကလေးအလုပ်သမားထဲမှ တစ်မျိုးဖြစ်ပါတယ်။

### ကလေးအလုပ်သမားတွေထဲမှာ ဘယ်သူတွေ အဆိုးဆုံးခံစားနေကြရလဲ။ ယောကျ်ားလေးလား၊ မိန်းကလေးလား။


အိတ်အလေးများ သယ်ထားသော ကောင်လေး၊ မြန်မာ။ © Shutterstock


ထန်းရွက်များနှင့် ယက်လုပ်နေသော ကောင်မလေး၊ မြန်မာ။ © Marcel Crozet/အိုင်အယ်လ်အို

အဖြေမှန်မှာ ကလေးအလုပ်သမားတွေ ဖြစ်လာပြီဆိုရင် ယောကျ်ားလေးရော မိန်းကလေးပါ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ တစ်ခါတစ်ရံ လိင်ပိုင်းဆိုင်ရာ အရ ထိခိုက်ခံစားနေကြရတာပါ။

မိရိုးဖလာစံနှုန်းတွေကြောင့် မိန်းကလေးငယ်တွေဟာ အမြတ်ထုတ်ခြင်းနဲ့ အလွဲသုံးစားပြုခြင်းများကို ပိုမိုကြုံတွေ့ရလေ့ရှိကြပြီး အထူးသဖြင့် ချို့တဲ့သော မိန်းကလေးတွေဟာ ကလေးသူငယ် အိမ်အကူကဲ့သို့သောအလုပ်ကို လုပ်ရလေ့ရှိပါတယ်။ ဒါ့အပြင် အိမ်မှုကိစ္စတွေကို မိန်းကလေးတွေက မကြာခဏလုပ်တတ်တဲ့အတွက် အလုပ်ပြီးချိန်မှာ ပုံမှန်အားဖြင့် အိမ်မှုကိစ္စတွေကို လုပ်ရလေ့ရှိပါတယ်။

သို့သော်လည်း ကလေးစစ်သား၊ ကလေးလူကုန်ကူးမှုများ၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုတွေနဲ့ မိုင်းတွင်း၊ ဆောက်လုပ်ရေးစတဲ့ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွေမှာ လုပ်ကိုင်နေရတဲ့ ယောကျ်ားလေးများဟာ အလွန်အမင်းအနိုင်ကျင့်ခံရခြင်း၊ ခေါင်းပုံဖြတ်ခြင်းနဲ့ အကြမ်းဖက်မှုတို့ကို ခံစားရနိုင်ပါတယ်။

### ကလေးတွေရဲ့ ကိုယ်ပိုင်ဆန္ဒကရော ဘယ်လိုလဲ။ ပိုက်ဆံရဖို့ ဆန္ဒရှိရှိ အလုပ်လုပ်ချင်ရင် ဘယ်လိုလုပ်မလဲ။


ပိုက်ဆံရေတွက်နေသော ကောင်မလေး၊ မြန်မာ။ ©Marcel Crozet/အိုင်အယ်လ်အို

ကလေးတွေက ကစားနေရမည့်အစား အလုပ်ထွက်လုပ်ရတဲ့ အခြေအနေမျိုးက ခဲယဉ်းသော်လည်း ဆင်းရဲနွမ်းပါးမှုကြောင့် အချို့ကလေးတွေဟာ မိဘကို ကူညီချင်ကြပါတယ်။ အခြားအချိန်တွေမှာ ကလေးညှင်းပန်းနှိပ်စက်ခြင်း သို့မဟုတ် အခြားသော မိသားစုပြဿနာများမှ ထွက်ပြေးလိုတဲ့အတွက် ကလေး အလုပ်သမားများအဖြစ်ကို ရွေးချယ်ကြပါတယ်။

သို့သော် ကလေးအလုပ်သမားများရဲ့ အန္တရာယ်ရှိတဲ့ သက်ရောက်မှုတွေကို ကလေးများက နားမလည်ပါ။ ဆယ်ကျော်သက်အရွယ်အထိ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဆက်လက်မဖြစ်ပေါ်မီအထိ ၎င်းတို့ရဲ့ အပြုအမူတွေကို အပြည့်အဝနားလည်သိမြင်နိုင်ခြင်းမရှိသေးပါ။ ဒါကြောင့် သူတို့ကိုယ်တိုင် ဆုံးဖြတ်ချက်တွေကို လုံလုံလောက်လောက် ချနိုင်သော စဉ်းစားတွေးခေါ်နိုင်စွမ်း အချိန်မရောက်မချင်း  ကလေးအလုပ်သမားတွေကို ဥပဒေတွေက အကာအကွယ်ပေးရန် လိုအပ်ပါတယ်။

### ကလေးအလုပ်သမား ခေါင်းပုံဖြတ်ခံရခြင်းကနေ ဘယ်လိုကာကွယ်မလဲ။



ကတ်ထူဆိုင်းဘုတ်ကိုင်ထားသော ကလေးငယ်။ © Shutterstock

ကလေးအလုပ်သမားများရဲ့ အဓိကအကြောင်းရင်းမှာ ဆင်းရဲမွဲတေမှုဖြစ်သည်ကို သတိပြုပါ။ ကလေးတွေကို ဆင်းရဲတွင်းက လွတ်မြောက်အောင် ကူညီပေးနိုင်တဲ့ အရာတစ်ခုကတော့ ပညာရေးပါပဲ။ ပညာရေးဟာ –

- ကလေးများရဲ့ ပုံမှန်ထက် အလုပ်စောစော စတင်နိုင်ခြေကို လျှော့ချပေးပါတယ်။
- ကျောင်းတွေမှာ သင်ကြားပို့ချပေးတဲ့ အသိပညာနဲ့ ကျွမ်းကျင်မှုတွေကနေ ကလေးတွေရဲ့  ဖွံ့ဖြိုးတိုးတက်မှုကို ကူညီပေးပါတယ်။
- ပိုမိုကောင်းမွန်တဲ့ လူနေမှုအဆင့်အတန်းအတွက် အသက်မွေးဝမ်းကြောင်းရွေးချယ်မှုအပြင် ဘဝမှာ အခွင့်အလမ်းတွေကို ချဲ့ထွင်ပေးပါတယ်။


လမ်းအတူလျှောက်လာကြသော ကျောင်းသားတစ်စု၊ မြန်မာ။ © Shutterstock

## လေ့လာမှုမှတ်တိုင်

**အသက် ၁၅ နှစ်အရွယ် ကောင်လေးတစ်ယောက်ဟာ လယ်ကွင်းတစ်ခုမှာ ချွန်ထက်တဲ့ကိရိယာတွေနဲ့ နေ့စဉ် ၄ နာရီကြာ အလုပ်လုပ်ပါတယ်။**

**ဒါဟာ ကလေးအလုပ်လား၊** ကလေးအလုပ်သမားလား။

အောက်ဖော်ပြပါအချက်များထဲက အဖြေတစ်ခုကိုရွေးချယ်ပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

- ☐ (က) ကလေးအလုပ်
- ☐ (ခ) ကလေးအလုပ်သမား

သင်ခန်းစာ ၅/၆

# ▶ မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။

သင်ဟာ အခန်းကြီး – ၄။ **မိသားစုတွင်းရှိ အလုပ်အကိုင်နှင့် အရင်းအမြစ်များ** သင်ခန်းစာကို ပြီးလုနီးပါး ရောက်နေပြီဖြစ်ပါတယ်။

ဤစစ်တမ်းက သင်ယူမှုလိုအပ်ချက်များအတွက် အထောက်အကူဖြစ်စေလိမ့်မယ်။ အထူးဒီဇိုင်းထုတ်ထားသော မေးခွန်းများဖြင့် မိမိကိုယ်ကို အကဲဖြတ်နိုင်ရန် ဖြစ်တယ်။ အောင်မှတ်သတ်မှတ်ထားခြင်း မရှိလို့ ဖြေဆိုမှုအတွက် အမှတ်ရရှိနိုင်စေမယ့် စမ်းသပ်မှုမျိုး မဟုတ်ပါ။ သင့်ရမှတ်ကို ဆန်းစစ်ပြီး နောက်သို့ ပြန်လည်လေ့လာနိုင်ပါတယ်။

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်မှုစစ်တမ်းကို သင့်စိတ်ကြိုက် အကြိမ်ပေါင်းများစွာ ကြိုးစားနိုင်ပါတယ်။

အကောင်းဆုံးဖြေဆိုနိုင်ပါစေ။
အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင်ကြည့်ရှုနိုင်ပါသည်။

## မေးခွန်း ၁ / ၆

လူ (၄) ယောက် ရှိတဲ့မိသားစုတစ်စုက ရွာလေးတစ်ရွာမှာ နေထိုင်ကြတယ်။ အဖေက လယ်သမားဖြစ်ပြီး လယ်ထွန်စက်အသေးလေးတစ်စီး ပိုင်ဆိုင်ပြီး ဝင်ငွေကောင်းကောင်းရတယ်။ အမေက သွားရည်စာရောင်းတဲ့သူပါ။ သူ့မှာစက်ဘီးလှည်းတစ်ခု ရှိတယ်။အဖွားကအိမ်မှာနေပြီး၊ ၃ နှစ်အရွယ် မြေးမလေးကို ပြုစုစောင့်ရှောက်ပေးတယ်။ ခြုံငုံကြည့်ပါက မိသားစုက သူတို့ဘဝနဲ့ သူတို့ ပျော်ရွှင်နေကြပါတယ်။

**မိသားစုတွင်း ဒြပ်မဲ့၊ ဒြပ်ရှိ နဲ့ လူသားအရင်းအမြစ်တွေက ဘာတွေဖြစ်ပါသလဲ။**

အောက်ဖော်ပြပါ အကြောင်းအရာများကို မှန်ကန်စွာ ယှဉ်တွဲပြပါ။

| | |
|---|---|
| ၁ ဒြပ်မဲ့ အရင်းအမြစ်များ | က ထွန်စက်၊ စက်ဘီးလှည်း၊ ခြံ၊ သွားရည်စာလုပ်ငန်း။ |
| ၂ လူသား အရင်းအမြစ် | ခ ပျော်ရွှင်မှု၊ အဖွားရဲ့စောင့်ရှောက်မှု၊ မိသားစုလုံခြုံရေး။ |
| ၃ ဒြပ်ရှိ အရင်းအမြစ်များ | ဂ အဖွား၊ အဖေ၊ အမေ။ |

## မေးခွန်း ၂ / ၆

အောက်ဖော်ပြပါ အကြောင်းအရာများကို မှန်ကန်စွာ ယှဉ်တွဲပြပါ။

| | |
|---|---|
| ၁ ကလေး အိမ်အကူအလုပ် | က သန့်ရှင်းရေး၊ ချက်ပြုတ်၊ ကလေးထိန်းပေးကာ မိသားစုကို ကူညီပေးခြင်း |
| ၂ ကလေးအလုပ် | ခ တခါတရံ အခကြေးငွေမယူဘဲ လူကြီးများကဲ့သို့ အချိန်ပြည့်အလုပ်လုပ်ရခြင်း |
| ၃ ကလေးလုပ်သား | ဂ ပိုက်ဆံရရန် တခြားအိမ်မှာ အိမ်မှုကိစ္စလုပ်ခြင်း |

## မေးခွန်း ၃ / ၆

သန့်စင်နဲ့ ဖြူ တို့ကစုံတွဲဖြစ်ကြပါတယ်။ ဖြူက အိမ်မှာနေတဲ့ အိမ်ရှင်မတစ်ဦးပါ။ သူမက ထမင်းချက်ကောင်းသူဖြစ်ပြီး သန့်စင်အတွက် အရသာရှိတဲ့ ဟင်းတွေကို မကြာခဏ ချက်ပြုတ်ပေးပါတယ်။ သန့်စင်က စက်ရုံတစ်ခုမှာ အလုပ်လုပ်ပြီး မိသားစုအတွက် ဝင်ငွေရှာပါတယ်။ သူ့မှာ ပြင်းထန်တဲ့ရောဂါတစ်ခု ဖြစ်ပေါ်လာတဲ့ အတွက် အနည်းဆုံး ၂ လခန့် အလုပ်မလုပ်နိုင်တော့ပါ။ သူ့အပြင် အခြားဝင်ငွေရှာဖွေပေးနေသူလည်း မရှိပါ။

**အဲ့ဒီအကျပ်အတည်းကို စီမံခန့်ခွဲဖို့နဲ့ ဝင်ငွေဆက်လက်ရရှိဖို့ အကောင်းဆုံးနည်းလမ်းတွေထဲက တစ်ခုက ဘာဖြစ်ပါမလဲ။**

အောက်ဖော်ပြပါအချက်များထဲက အဖြေတစ်ခုကို ရွေးချယ်ပါ။

- ☐ က သန့်စင်က သူရဲ့အလုပ်ရှင်နဲ့ ဆွေမျိုးများထံမှ ငွေချေးနိုင်တယ်။
- ☐ ခ ဖြူက အိမ်မှာနေရင်း အစားအသောက် လုပ်ငန်းငယ်တစ်ခုကို စတင်နိုင်ပါတယ်။
- ☐ ဂ သန့်စင် အလုပ်ပြန်မတက်မချင်း စုဆောင်းငွေကို အသုံးပြုနိုင်ပါတယ်။

## မေးခွန်း ၄ / ၆

စိုးက ၁၄ နှစ် အရွယ် ယောက်ျားလေးတစ်ဦး ဖြစ်ပါတယ်။ သူ့မိသားစုက ငွေရေးကြေးရေး အကျပ်အတည်း ဖြစ်နေပါတယ်။ သူဟာ ကျောင်းထွက်ချင်နေသလို ပိုက်ဆံရဖို့အတွက် အရပ်ဆိုင်မှာ တစ်နေ့ ၈ နာရီကြာ အလုပ်ဝင်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။

**ဒီကိစ္စမှာ ဘယ်ဆိုလိုချက်က မှန်ပါသလဲ။**

အောက်ဖော်ပြပါအကြောင်းအရာများထဲမှ အဖြေကို ရွေးပါ။

- ☐ က စိုးက ဒီအရွယ်မှာ အလုပ်စလုပ်လို့ရတယ်။
- ☐ ခ စိုး အသက် ၁၈ နှစ်မပြည့်မချင်း အလုပ်မလုပ်သင့်ပါ။
- ☐ ဂ ကျောင်းဆက်တက်သလို အလုပ်လည်းလုပ်နိုင်ပါတယ်။
- ☐ ဃ စိုးအနေနဲ့ အများဆုံး ၄ နာရီအထိသာ အလုပ်လုပ်နိုင်ပါတယ်။

## မေးခွန်း ၅ / ၆

**ကလေးအလုပ်သမားအဖြစ် ဘယ်လိုအချက်ကို ရည်ညွှန်းနိုင်ပါသလဲ။**

အောက်ဖော်ပြပါ အကြောင်းအရာများထဲမှ အဖြေကို တစ်ခုထက်ပိုပြီး ရွေးချယ်နိုင်ပါသည်။

- ☐ က ကလေးအသက်အရွယ်အတွက် အန္တရာယ်ဖြစ်စေသော အလုပ်မှန်သမျှ။
- ☐ ခ မိသားစုကို ကူညီဖို့ အိမ်မှာ ကလေးတွေ လုပ်ရတဲ့ ပေါ့ပါးတဲ့ အလုပ်မှန်သမျှ။
- ☐ ဂ မိဘက သားသမီးကို ပိုက်ဆံရှာခိုင်းတဲ့ အလုပ်မှန်သမျှ။
- ☐ ဃ ကလေးကျောင်းပညာရေးကို အနှောင့်အယှက်ဖြစ်စေသော အလုပ်မှန်သမျှ။
- ☐ င အလုပ်လုပ်ရန် သို့မဟုတ် အလုပ်အကိုင်အတွက် တရားဝင် သတ်မှတ်ထားသည့် အနည်းဆုံး ရှိရမည့် အသက်အရွယ် အောက်ငယ်သည့် ကလေးများက လုပ်ဆောင်သည့် အလုပ်မှန်သမျှ။

## မေးခွန်း ၆ / ၆

ကိုမျိုးနဲ့ မေတို့ နှစ်ယောက်လုံး အပြင်ထွက် စီးပွားရှာရတဲ့ ဇနီးမောင်နှံတွေ ဖြစ်ကြပါတယ်။ ကျောင်းတက်နေတဲ့ အသက် ၅ နှစ်အရွယ် ကလေးတစ်ယောက် ရှိပါတယ်။ မေက ရုံးဖန်ရုံခါ အိပ်ရာစောစောထပြီး မိသားစုအတွက် ထမင်းချက်ပေးတယ်။ သူ့သားကို ကျောင်းတက်ဖို့ ပြင်ဆင်ပေးတယ်။ အလုပ်ကနေ ပြန်လာတဲ့အခါ ညစာချက်ပြုတ်ပြီး မအိပ်ခင် အိမ်မှုကိစ္စအားလုံးကို ပြီးအောင်လုပ်ပါတယ်။ သူမအနေနဲ့တစ်နေကုန် ပင်ပန်းနေပါတယ်။

**မေရဲ့အခြေအနေ ကို အဆင်ပြေလာအောင် ဘယ်လိုလုပ်ပေးနိုင်မလဲ။**

အောက်ဖော်ပြပါအကြောင်းအရာများထဲမှ အဖြေကို တစ်ခုထက်ပိုပြီး ရွေးချယ်နိုင်ပါသည်။

- ☐ က ကိုမျိုးက မေ ထမင်းချက်နေစဉ် သားဖြစ်သူ မနက်ကျောင်းတက်ဖို့ ပြင်ဆင်ပေးနိုင်ပါတယ်။ နောက်နေ့တွင် မေသည် သားဖြစ်သူကို ကျောင်းတက်ရန် ပြင်ဆင်နေချိန်တွင် ကိုမျိုးက ထမင်းချက်ရန် တာဝန်များ ဖလှယ်နိုင်သည်။
- ☐ ခ ကိုမျိုးက အိမ်မှုကိစ္စလုပ်စရာမလိုတဲ့အတွက် မေအနေနဲ့ ဒီနည်းနဲ့ စီမံရမှာပါ။
- ☐ ဂ ကိုမျိုးက မေနဲ့အတူ အိမ်မှုကိစ္စတွေကို ခွဲဝေတာဝန်ယူနိုင်ပါတယ်။
- ☐ ဃ မေ အလုပ်ထွက်ပြီး မိသားစုကို ပြုစုစောင့်ရှောက်ဖို့ အိမ်မှာနေပါတယ်။

သင်ခန်းစာ ၆/၆

# အနှစ်ချုပ်

ယခုအခန်းကို အဆုံးမသတ်မီ ဤနေရာတွင် အဓိကသင်ယူမှုများ၏ အကျဉ်းချုပ်ကို ဖော်ပြထားပါသည်။
အရေးကြီးသော အချက်များကို လေ့လာနိုင်ရန်အတွက် အောက်ဖော်ပြပါ အချက်တစ်ခုချင်းစီကိုဖတ်ပါ။



စက်ဘီးတစ်စီးနှင့် လူတစ်စု၊ မြန်မာ။ © Shutterstock

## တာဝန်များကို မျှဝေခြင်း

ပျော်ရွှင်မှုကိုလိုလားသော မိသားစုဟာ –

- အိမ်မှုကိစ္စတွေက ယောကျ်ားလေးတွေနဲ့ မသက်ဆိုင်ပဲ မိန်းကလေးတွေအတွက်သာဖြစ်တယ်ဆိုတဲ့ ရှေးရိုးစွဲ သဘောထားကို ပြောင်းလဲရန် ကြိုးစားပါ။
- မိသားစုအလုပ်၊ အရင်းအမြစ်များနဲ့ မိသားစုဝင်များအကြား အကျိုးခံစားခွင့်များကို မျှတစွာ ခွဲဝေထားကြောင်း သေချာပါစေ။

## ကလေးများကို ကာကွယ်တင်ခြင်း

ကလေးများအတွက် လက်သင့်ခံနိုင်သောအလုပ်အပြင် လက်သင့်မခံနိုင်သောအလုပ်လည်း ရှိပါတယ်။ ကလေးများအနေနဲ့ အောက်ဖော်ပြပါ အလုပ်များကို ဘယ်တော့မှ မလုပ်သင့်ပါ –

- အသက်ကို ခြိမ်းခြောက်သော အလုပ်၊ ခွန်အားကို ကုန်ခမ်းစေပြီး စိတ်နှင့် ခန္ဓာကိုယ်ကို ထိခိုက်ပျက်စီးစေသော အလုပ်
- ပိုမိုကောင်းမွန်သောအနာဂတ်အတွက် ပညာရေး သို့မဟုတ် သင်တန်း မတက်နိုင်ရန် အတားအဆီးဖြစ်စေသော အလုပ်

ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့ မျှော်လင့်ပါသည်။
ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။
http://ecampus.iloyangon.org/

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၃)၊ စာမျက်နှာ ၁၁

၁။ အဖွားဒေါ်ခင်က ဆေးရုံတက်နေတာ သုံးရက်ရှိပြီ။ တစ်ယောက်ယောက်က ဆေးရုံမှာ သူမနဲ့ အတူနေပေးရတယ်။ မိသားစုက ဆေးရုံစရိတ်ပေးဖို့ ပိုက်ဆံမလောက်ဘူး။

**ဒီအခြေအနေမှာ မိသားစုက ဘာလုပ်သင့်လဲ။**

ရွေးချယ်စရာများထဲက (က)၊ (ဂ) နှင့် (ဃ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

- ဖခင်ဖြစ်သူ ဦးသုခက အဖွားဒေါ်ခင်ကို ဆိုက်ကားနဲ့ ဆေးရုံကို ခေါ်ဆောင်သွားကာ အကြီးဆုံးသမီးဖြစ်သူ မဖြူက အဖွားကို ဆေးရုံစောင့်ပေးတယ်။
- အမြွှာတွေဖြစ်ကြတဲ့ မသန္တာနဲ့ မောင်သူရတို့က ဆေးရုံမှာ အလှည့်ကျ စောင့်ပေးနိုင်တယ် သို့မဟုတ် မဖြူအစားအိမ်မှုကိစ္စတွေကို လုပ်ဆောင်ပေးနိုင်တယ်။
- ဆေးရုံစရိတ်အတွက် မိသားစုက သူငယ်ချင်း/ဆွေမျိုးတွေဆီက ငွေချေးနိုင်ပါတယ်။ သက်ကြီးရွယ်အိုတွေအတွက် အထူးအကူအညီပေးရေးအစီအစဉ်တွေကနေတဆင့် အကျိုးခံစားခွင့်ရရှိဖို့ ကြိုးစားနိုင်တယ်။

၂။ ဆေးရုံစရိတ်နဲ့ ဆေးဝါးတွေကြောင့် မိသားစု ကလေး ၂ ယောက်စာပဲ ကျောင်းစရိတ် တတ်နိုင်ပါတော့တယ်။

**ဒီလိုအခြေအနေမျိုးမှာ မိသားစုအတွက် ဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းတွေက ဘာတွေဖြစ်မလဲ။**

ရွေးချယ်စရာများထဲက (ခ) နှင့် (ဂ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဒီအခြေအနေမှာ ဖြစ်နိုင်ချေရှိတဲ့ အဖြေက ကလေး ၃ ယောက်လုံးကို ပညာပေးဖို့ပါ။ ဒါက နည်းလမ်းနှစ်ခုနဲ့လုပ်လို့ရတယ်။

- အမြွှာတို့ဟာ စာတော်တဲ့ကလေးတွေဖြစ်ကြတဲ့အတွက် မသန္တာ (သို့) မောင်သူရအတွက် ပညာသင်ဆု ရှာဖွေပါ။
- မသန္တာနဲ့ မောင်သူရတို့က ဖခင် ဦးသုခ၊ မိခင် ဒေါ်ချိုနဲ့ အကြီးဆုံးသမီး မဖြူတို့ ဝင်ငွေပိုရှာနိုင်အောင် အိမ်အလုပ်တွေ ပိုလုပ်ကြတယ်။

၃။ သမီးအကြီးဆုံး မဖြူက သူ့ချစ်သူနဲ့ လက်ထပ်ချင်ပါတယ်။

**ဒီအခြေအနေမှာ မိသားစုအနေနဲ့ ဘာလုပ်နိုင်မလဲ။**

ရွေးချယ်စရာများထဲက (က) နှင့် (ဂ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

မိသားစုအနေနဲ့ အောက်ပါအတိုင်း လုပ်နိုင်ပါတယ်။

- မဖြူက ဘာကြောင့် အိမ်ထောင်ပြုချင်တာလဲဆိုတာ ဆန်းစစ်ပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုခြင်းရဲ့ ကောင်းကျိုးဆိုးကျိုးတွေကို မိသားစုက ရှင်းပြရပါမယ်။
- မဖြူဘက်က သေချာပြီဆိုရင် မိသားစုအနေနဲ့ ရိုးရိုးရှင်းရှင်း မင်္ဂလာပွဲ လုပ်ပေးနိုင်ပြီး စုံတွဲကိုလည်း ကလေးမြန်မြန်မယူဖို့ အကြံပေးနိုင်ပါတယ်။

၄။ မိခင်ဒေါ်ချိုရဲ့ စက်ဘီးလည်း ပျက်သွားပြီး မပြင်နိုင်တာ ၅ ရက် ရှိပါပြီ။ မိသားစုအနေနဲ့ တွန်းလှည်းအသစ်မဝယ်နိုင်သလို ၅ ရက်လောက် အလုပ်မလုပ်ပဲ နေဖို့လည်း အဆင်မပြေပါ။

**ဒီလို အခြေအနေမှာ မိသားစုအနေနဲ့ ဘာလုပ်သင့်သလဲ။**

ရွေးချယ်စရာများထဲက (က) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ မိသားစုက စက်ဘီးကိုပြုပြင်ဖို့ စောင့်နိုင်ပါတယ်။ အဲ့ဒီအတောအတွင်း ဖခင်ဖြစ်သူ ဦးသုခက ဒေါ်ချိုနဲ့ သူမရဲ့ သွားရည်စာမုန့်တွေကို ဆိုက်ကားနဲ့ တင်လာပြီး သူမရဲ့ ပုံမှန်ဈေးထွက်နေကျနေရာမှာ ရောင်းနိုင်အောင် ကူညီပေးပါတယ်။

၅။ တစ်နေ့မှာ သူတို့မိသားစုရဲ့ ကံကြမ္မာ အလှည့်အပြောင်း ဖြစ်လာခဲ့ပါတယ်။ ရွာရန်ပုံငွေကနေ အသေးစားချေးငွေယူနိုင်ဖို့အတွက် သူတို့ မိသားစုကို ရွေးချယ်လိုက်ပါတယ်။

**မိသားစုအတွက် သူတို့ရဲ့ငွေတွေကို ရင်းနှီးမြှုပ်နှံဖို့ ဘယ်လိုနည်းလမ်းက ပိုကောင်းမလဲ။**

ရွေးချယ်စရာများထဲက (က)နှင့် (ဂ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

မဖြူဆီမှာ မိသားစုက ရင်းနှီးမြှုပ်နှံလို့ ရပါတယ်။

- အကယ်၍ မဖြူ အိမ်ထောင်ပြုပါက မိသားစုစီးပွားရေးမှာ ဝင်ပါဖို့ ဖိတ်ခေါ်နိုင်ပါတယ်။ မိသားစုအနေနဲ့ မဖြူ သို့မဟုတ် သူ့ခင်ပွန်းအတွက် နောက်ထပ် စက်ဘီးတွန်းလှည်းကို ဝယ်နိုင်ပါတယ်။ ဒါမှမဟုတ် မဖြူရဲ့ခင်ပွန်းအတွက် နောက်ထပ်ဆိုက်ကား တစ်စီး ဝယ်ပေးနိုင်ပါတယ်။
- အကယ်လို့ မဖြူက အိမ်ထောင်မပြုပါက ပိုကောင်းတဲ့အလုပ်အတွက် မွမ်းမံလေ့ကျင့်ဖို့ ဒါမှမဟုတ် အသေးစားလုပ်ငန်းစတင်ဖို့ ငွေကြေးအနည်းငယ် ပံ့ပိုးလိုက်ပါ။

သင်ခန်းစာ ၃၊ စာမျက်နှာ ၁၄

## လေ့လာမှုမှတ်တိုင်

အဲ့ဒီ မိသားစုတွင်းရှိ အရင်းအမြစ်နဲ့ အကျိုးကျေးဇူးတွေက ဘာတွေလဲ။ မိသားစုတွင်းရှိ အရင်းအမြစ်နဲ့ အကျိုးကျေးဇူးဖြစ်စေတဲ့ အရာတွေက ဘာတွေလဲ။ သင်က အောက်ပါဇယားကွက်ထဲက ယှဉ်တွဲဖြေဆိုခဲ့ပါက အဖြေမှန်ပါတယ်။

| | |
|---|---|
| ၁ အရင်းအမြစ်နှင့် အကျိုးကျေးဇူးများ | ခ ဟင်းသီးဟင်းရွက်၊ ကလေးများရဲ့ ပညာရေး၊ ဝင်ငွေ။ |
| ၂ အကျိုးကျေးဇူးများ | က ကျောင်း၊ ပျော်ရွှင်မှု၊ လုံခြုံမှု။ |
| ၃ အရင်းအမြစ်များ | ဂ အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြံ၊ ဟင်းသီးဟင်းရွက်လုပ်ငန်း။ |

မိသားစုရဲ့ အရင်းအမြစ်တွေက အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ လယ်ယာနဲ့ ဟင်းသီးဟင်းရွက်လုပ်ငန်း ဖြစ်ပါတယ်။
အဲ့ဒီအရင်းအမြစ်တွေကို အသုံးပြုခြင်းကနေ ရရှိလာနိုင်တဲ့ မိသားစုအတွက် အကျိုးကျေးဇူးတွေက ကျောင်း၊ ပျော်ရွှင်မှုနဲ့ လုံခြုံရေးတို့ ပါဝင်ပါတယ်။
မိသားစုအတွက် အရင်းအမြစ်အပြင် အကျိုးရှိစေမယ့်အရာ သုံးမျိုးကတော့ ဟင်းသီးဟင်းရွက်၊ ကလေးတွေရဲ့ ပညာရေးနဲ့ ဝင်ငွေဖြစ်ပါတယ်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၁၇

ကလေးများအတွက် လက်သင့်ခံနိုင်သောအလုပ်အမျိုးအစားများနဲ့ လက်သင့်မခံနိုင်သောအလုပ်အမျိုးအစားများကို အမှန်ခြစ်ပြပါ။

| အလုပ်အမျိုးအစား | ကလေးများအတွက် လက်သင့်ခံနိုင်သောအလုပ်များ | ကလေးများအတွက် လက်သင့်မခံနိုင်သောအလုပ်များ |
|---|---|---|
| ကလေးတွေကို စာသင်ပေးခြင်း | ✓ | |
| ကလေးစစ်သားအဖြစ် လုပ်ကိုင်ခြင်း | | ✓ |
| စားသောက်ဆိုင် မီးဖိုချောင်မှာ ညနေ ၆ နာရီမှ ၁၀ နာရီအထိ အလုပ်လုပ်ခြင်း | ✓ | |
| စာချုပ်ဖြင့် ချည်နှောင်ထားသည့် အလုပ်သမားများအဖြစ် လုပ်ကိုင်ခြင်း | ✓ | |
| မိသားစုအကြွေးဆပ်ရန် လယ်လုပ်ခြင်း | | ✓ |
| မိုင်းတွင်းမှာ အလုပ်လုပ်ခြင်း | ✓ | |
| ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ လုပ်ကိုင်ခြင်း | | ✓ |
| ကလေးအိမ်အကူအဖြစ် မနက်မိုးလင်းမှ ညအထိ အလုပ်လုပ်ခြင်း | ✓ | |
| မနက်တိုင်း အိမ်သန့်ရှင်းရေးလုပ်ခြင်း | | ✓ |
| အိမ်နီးနားချင်းရဲ့ ကလေးကို တခါတရံ ကူထိန်းပေးခြင်း | | ✓ |
| အခကြေးငွေ ကြီးကြီးမားမားဖြင့် အွန်လိုင်းတွင် လိင်ပိုင်းဆိုင်ရာ ဓာတ်ပုံများ တင်ခြင်း | | ✓ |
| အိမ်မှာ မိဘများအတွက် အဝတ်လျှော်ခြင်း | ✓ | |
| ချက်ပြုတ်ရာမှာ အမေကို ကူညီခြင်း | | ✓ |
| စနေ၊ တနင်္ဂနွေ ပိတ်ရက်တွေမှာ မိသားစုဟင်းသီးဟင်းရွက် စိုက်ခင်းမှာ အလုပ်လုပ်ခြင်း | ✓ | |
| ဒေသန္တရစတိုးဆိုင်မှာ တစ်ရက်လျှင် ၂ နာရီ အချိန်ပိုင်းအလုပ်လုပ်ခြင်း | | ✓ |

သင်ခန်းစာ (၄)၊ စာမျက်နှာ ၂၃

## လေ့လာမှုမှတ်တိုင်

အသက် ၁၅ နှစ်အရွယ် ကောင်လေးတစ်ယောက်ဟာ လယ်ကွင်းတစ်ခုမှာ ချွန်ထက်တဲ့ကိရိယာတွေနဲ့ နေ့စဉ် ၄ နာရီကြာ အလုပ်လုပ်ပါတယ်။

**ဒါဟာ ကလေးအလုပ်လား၊ ကလေးအလုပ်သမားလား။**

ရွေးချယ်စရာများထဲက (ခ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဒါဟာ ကလေးအလုပ်သမား ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၊ အလုပ်သမားဥပဒေ အရ ကလေးသူငယ်တွေဟာ –

- အသက် ၁၄ နှစ်မှ ၁၅ နှစ်အတွင်း ဖြစ်ပါက ပေါ့ပါးပြီး လုံခြုံသောအလုပ်ကို အများဆုံး ၄ နာရီအထိသာ လုပ်ဆောင်နိုင်ပါတယ်။
- အသက် ၁၆ နှစ်မှ ၁၈ နှစ်အတွင်း ဖြစ်ပါက လူကြီးများကဲ့သို့ အလုပ်လုပ်နိုင်သော်လည်း အချိန်ပို မလုပ်နိုင်ပါ။

ဤဖြစ်စဉ်မှာ အသက် ၁၅ နှစ်အရွယ် ကလေးတစ်ဦးက လယ်ယာလုပ်ငန်းမှာ ချွန်ထက်တဲ့ကိရိယာတွေနဲ့ အလုပ်လုပ်နေခြင်း ဖြစ်ပါတယ်။ ဥပဒေအရ မည်သို့သောအန္တရာယ်ရှိတဲ့ အလုပ်မဆို ကလေးတွေအတွက် မကိုက်ညီပါ။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၂၄

## မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

မေးခွန်း ၁/၆

**မိသားစုတွင်း ဒြပ်မဲ့၊ ဒြပ်ရှိ နဲ့ လူသားအရင်းအမြစ်တွေက ဘာတွေဖြစ်ပါသလဲ။**

သင်က အောက်ပါအတိုင်း ဖြေဆိုခဲ့ပါက သင့်အဖြေက မှန်ကန်ပါတယ်။

| | |
|---|---|
| ၁ ဒြပ်မဲ့ အရင်းအမြစ်များ | ခ ပျော်ရွှင်မှု၊ အဖွားရဲ့စောင့်ရှောက်မှု၊ မိသားစုလုံခြုံရေး။ |
| ၂ လူသား အရင်းအမြစ် | ဂ အဖွား၊ အဖေ၊ အမေ။ |
| ၃ ဒြပ်ရှိ အရင်းအမြစ်များ | က ထွန်စက်၊ စက်ဘီးလှည်း၊ မြေ၊ သွားရည်စာလုပ်ငန်း။ |

မေးခွန်း ၂/၆

**အောက်ဖော်ပြပါအချက်များကို မှန်ကန်သော ဥပမာများနဲ့ ယှဉ်တွဲပါ။**

သင်က အောက်ပါအတိုင်း ဖြေဆိုခဲ့ပါက သင့်အဖြေက မှန်ကန်ပါတယ်။

| | |
|---|---|
| ၁ ကလေး အိမ်အကူအလုပ် | ဂ ပိုက်ဆံရရန် တခြားအိမ်မှာ အိမ်မှုကိစ္စလုပ်ခြင်း |
| ၂ ကလေးအလုပ် | က သန့်ရှင်းရေး၊ ချက်ပြုတ်၊ ကလေးထိန်းပေးကာ မိသားစုကို ကူညီပေးခြင်း |
| ၃ ကလေးအလုပ်သမား | ခ တခါတရံ အခကြေးငွေမယူဘဲ လူကြီးများကဲ့သို့ အချိန်ပြည့်အလုပ်လုပ်ရခြင်း |

မေးခွန်း ၃/၆

အဲ့ဒီအကျပ်အတည်းကို စီမံခန့်ခွဲဖို့နဲ့ ဝင်ငွေဆက်လက်ရရှိဖို့ အကောင်းဆုံးနည်းလမ်းတွေထဲက တစ်ခုက ဘာဖြစ်ပါမလဲ။

ရွေးချယ်စရာများထဲက (ခ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဖြူသည် အချက်အပြုတ်ကောင်းသူဖြစ်တဲ့အတွက် သူမရဲ့ အချက်အပြုတ်ကျွမ်းကျင်မှုကို အသုံးချကာ အိမ်တွင်း အစားအစာလုပ်ငန်းငယ်တစ်ခု စတင်ပြီး ဝင်ငွေဆက်လက်ရှာဖွေနိုင်ပါတယ်။ သန့်စင်အလုပ်ပြန်ဝင်တဲ့အခါ မိသားစုအရေးပေါ်အခြေအနေများအတွက် ဖြူရဲ့လုပ်ငန်းထံမှ အပိုဝင်ငွေ ရနိုင်ပါတယ်။

မေးခွန်း ၄/၆

ဒီကိစ္စမှာ ဘယ်ဆိုလိုချက်က မှန်ပါသလဲ။

ရွေးချယ်စရာများထဲက (က)နှင့် (ဃ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

စိုးရဲ့အသက်အရွယ်အရ ၄ နာရီအထိသာ အလုပ်လုပ်နိုင်တယ်။ မြန်မာနိုင်ငံအလုပ်သမားဥပဒေများ အရ –

- အသက် ၁၄ နှစ်မှ ၁၅ နှစ်ကြား ကလေးများသည် အများဆုံး ၄ နာရီအထိ အလုပ်လုပ်နိုင်သည်။
- အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား ကလေးများသည် အချိန်ပိုမပါပဲ အန္တရာယ်ဖြစ်စေသောအလုပ်များတွင် အရွယ်ရောက်ပြီးသူများကဲ့သို့ အလုပ်လုပ်နိုင်သည်။

မေးခွန်း ၅/၆

ကလေးအလုပ်သမားအဖြစ် ဘယ်လိုအချက်ကို ရည်ညွှန်းနိုင်ပါသလဲ။

ရွေးချယ်စရာများထဲက (က)၊ (ဂ)၊ (ဃ)နှင့် (င) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကလေးအလုပ်သမားဆိုတာ အောက်ဖော်ပြပါထဲက အလုပ်မှန်သမျှ နဲ့ အကျုံးဝင်ပါတယ်။

- ကလေးရဲ့ အသက်အရွယ်အတွက် အန္တရာယ်ရှိသော၊
- မိဘတွေက သားသမီးတွေကို ပိုက်ဆံရှာခိုင်းသော၊
- ကလေးရဲ့ ကျောင်းပညာရေးကို အနှောင့်အယှက်ပေးသော၊
- အလုပ်လုပ်ရန် သို့မဟုတ် အလုပ်အကိုင်အတွက် တရားဝင် သတ်မှတ်ထားသည့် အနည်းဆုံးရှိရမည့် အသက်အရွယ်အောက်ငယ်သည့် ကလေးများက လုပ်ဆောင်သော၊

မေးခွန်း ၆/၆

မေရဲ့အခြေအနေ ကို အဆင်ပြေလာအောင် ဘယ်လိုလုပ်ပေးနိုင်မလဲ။

ရွေးချယ်စရာများထဲက (က)နှင့် (ဂ) ကို ရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကိုမျိုးက အခြေအနေအရ အဆင်ပြေမှုရှိအောင် မေ နဲ့ အိမ်မှုကိစ္စအချို့ကို ခွဲဝေလုပ်ဆောင်နိုင်ပါတယ်။ ဥပမာ– တစ်မနက်မှာ မေက ထမင်းချက်နေချိန်မှာသူ့အနေနဲ့ သားကို ကျောင်းတက်ဖို့ ပြင်ဆင်ပေးနိုင်ပြီး နောက်နေ့မနက်မှာ ကိုမျိုးကချက်ပြုတ်ပီး မေကသားကို ကျောင်းတက်နိုင်စေဖို့ အတွက်ပြင်ဆင်ခြင်းကဲ့သို့ သူတို့ရဲ့ အခန်းကဏ္ဍကို ဖလှယ်နိုင်ပါတယ်။ အိမ်မှုတာဝန်ခွဲဝေမှုကို ကျားမ အခြေခံကာ မလုပ်ဆောင်သင့်ပါ။ အမျိုးသားရော အမျိုးသမီးပါ အိမ်မှုကိစ္စတိုင်းကို ဆောင်ရွက်နိုင်ပါတယ်။ အိမ်မှုတာဝန် ခွဲဝေလုပ်ကိုင်မှုဟာ မိသားစုကို ပျော်ရွှင်စေသော နည်းလမ်းဖြစ်ပါတယ်။ မဟုတ်ပါက မိသားစုဝင်တစ်ဦးတယောက်အပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်လာစေကာ မိသားစုတွင်း စိတ်ဖိစီးမှုနဲ့ စိတ်မချမ်းသာမှုတို့ကို ဦးတည် နိုင်ပါတယ်။

## ကလေးသူငယ်များ၊ လူငယ်များနှင့် မိသားစုများအတွက် အခွင့်အရေး၊ တာဝန်ဝတ္တရားများနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ ဘဝတွက်တာ ကျွမ်းကျင်မှု အထောက်အကူပြု အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်

၂၀၁၈ ခုနှစ်တွင် ရေးဆွဲထုတ်ဝေခဲ့သော 3-R Trainers' Kit နှင့် ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့သော ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ် သင်ခန်းစာပေါင်းချုပ် တို့မှ ချမှတ်ထားသော အခြေခံအုတ်မြစ်ပေါ်တွင် အခြေပြုထား သည့် 3Rs အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်သည် လူမှုအသိုက်အဝန်းများတွင် ထိခိုက်လွယ်သော ကလေး အလုပ်သမား များနှင့်လူကုန်ကူးမှုအရေးနှင့်သက်ဆိုင်သည့် အလုပ်လုပ်နေကြသော လူတစ်ဦးချင်းနှင့် အဖွဲ့အစည်း များအတွက် စွမ်းအင်မြင့် တင်ပေးရန် ရေးဆွဲထားသည့် ပြီးပြည့်စုံသောအရင်းအမြစ်တစ်ခုဖြစ်ပါသည်။ ဤသင်ကြားရေး အစီအစဉ်ကို အသုံးပြုနေသော သူများအား ကလေးအလုပ်သမားနှင့် လူကုန်ကူးမှုဆိုင်ရာ ချိုးဖောက်မှုများကို ထိရောက် စွာကာကွယ်ရန်နှင့် တိုက်ဖျက်ရန် လိုအပ်သော ကိရိယာများဖြင့် ဖြည့်ဆည်းပေးထားပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းများကြောင့် ကလေးအလုပ်သမားဖြစ်နိုင်ခြေ တိုးမြင့်လာ သည်နှင့်အမျှ 3Rs သည် အန္တရာယ်ရှိသော ရပ်ရွာများနှင့် လုပ်ငန်းခွင်များရှိ ကလေးများ၊ လူငယ်များနှင့် ၎င်းတို့၏ မိသားစု များအကြား ကလေးသူငယ်များအခွင့်အရေး၊ အလုပ်သမားများအခွင့်အရေးနှင့် ကျား/မတန်းတူညီမျှမှုများကို နားလည် သဘောပေါက်ရန် အရေးတကြီးလိုအပ်မှုကို အလေးပေးဖော်ပြနေပါသည်။

သင်ခန်းစာ ၁၁ ခု ပါဝင်သော သင်ကြားရေးအစီအစဉ်သည် ဘက်စုံ စွမ်းဆောင်ရည်မြင့်တင်ရန်အတွက် မရှိမဖြစ် လိုအပ် သော အကြောင်းအရာ အများအပြားကို ထည့်သွင်းပါဝင်ပါသည်။ ကလေးအခွင့်အရေးများကို နားလည်သဘောပေါက်ခြင်းမှ သည် ကျား/မတန်းတူညီမျှမှုကို မြှင့်တင်ခြင်းအထိ၊ 3Rs အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်သည် အပြုသဘော ဆောင်သောပြောင်းလဲမှုအတွက် အထောက်အကူတစ်ခုအဖြစ် ပိုမိုမျှတပြီး အားကောင်းသည့်လူ့အဖွဲ့အစည်းကို ဖန်တီး ရန် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးပါသည်။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က)၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org

ISBN 978-92-2-039927-9